မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၇ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်၊ ၂၀၀၆ ခုနှစ်၊ မတ် ၂ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၅)၊ အမှတ်(၁၅၃)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ၂၀၀၆ခုနှစ်၊ တောင်သူလယ်သမားနေ့ သဝဏ်လွှာပေးပို့

လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးတက်အောင်မြင်ရေး မြေသယံဇာတ၊ ရေသယံဇာတများ အစွမ်းကုန်အသုံးချ ခေတ်မီစိုက်ပျိုးရေးနည်းပညာများရရှိရေးနှင့် စက်မှုစိုက်ပျိုးရေးလုပ်ငန်းများတိုးတက်ရေး အားပေးဆောင်ရွက် ခြံစည်းရိုးကြက်ဆူပင်များကို သွင်းကုန်အစားထိုးစီးပွားရေးလုပ်ငန်းအဖြစ် စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်

ရန်ကုန် မတ် ၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော ၂၀၀၆ ခုနှစ်၊ တောင်သူလယ်သမားနေ့ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ချစ်ကြည်လေးစားအပ်သော တောင်သူလယ်သမားကြီးများခင်ဗျား–

ယနေ့သည် မြန်မာတိုင်းရင်းသား တောင်သူလယ်သမားကြီးများ၏ ဂုဏ်ကျေးဇူးကို အသိအမှတ်ပြုသောအားဖြင့် ဂုဏ်ပြု သတ်မှတ်ထားသည့် မတ်လ ၂ ရက် **"တောင်သူလယ်သမားနေ့"**ဖြစ်ပါသည်။ ဤမင်္ဂလာရက်မြတ်အခါသမယတွင် တောင်သူလယ်သမားကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့် ပြည့်စုံကြလျက် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်ကြပါစေကြောင်း ဆုတောင်းပတ္တနာပြုအပ်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❐

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိလာသော ဧည့်သည်တော် အင်ဒိုနီးရှားနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့အား ကြိုဆိုနှုတ်ဆက်

ရန်ကုန် မတ် ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး လည်ပတ်ရန် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့သည် ယနေ့မွန်းလွဲပိုင်းတွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရောက်ရှိလာသည့် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီ ဟယ်ယာဝါတီတို့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

၂၀၀၆ခုနှစ်၊ တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုပါ၏။

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ မတ်လ ၂ ရက်)

နိုင်ငံ့စီးပွားဖွံ့ဖြိုးရေးနှင့် စားနပ်ရိက္ခာဖူလုံပိုလျှံရေး တောင်သူလယ်သမားကြီးများ၏အားထုတ်မှု လေးစားဂုဏ်ပြု

၂၀၀၆ ခုနှစ် မတ်လ ၂ရက် **(ယနေ့)**သည် တောင်သူလယ်သမားနေ့ဖြစ်သည်။ မြန်မာတိုင်းရင်းသား တောင်သူလယ်သမားကြီးများ၏ ဂုဏ်ကျေးဇူးကို အသိအမှတ်ပြု ဂုဏ်ပြုသတ်မှတ်ထားသည့် နေ့ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် လူဦးရေ ၅၄ သန်းကျော်ရှိသည့်အနက် ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေ ပြည်သူများဖြစ်ကြသည်။ ကျေးလက်ပြည်သူများသည် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသော တောင်သူလယ်သမားအများစု ဖြစ်ကြသည်။

တောင်သူလယ်သမားကြီးများသည် နိုင်ငံသူနိုင်ငံသားများ၏ စားနပ်ရိက္ခာ ဖူလုံပြည့်စုံစေရေး အတွက်သာမက နိုင်ငံတော်၏စီးပွားရေးတိုးတက်ဖြစ်ထွန်းမှုကိုပါ ဖော်ဆောင်ဖြည့်ဆည်းပေးလျက် ရှိသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက တောင်သူလယ်သမားကြီးများနေထိုင်ရာ ကျေးလက်ဒေသများ ဖွံ့ဖြိုး တိုးတက်မှသာ နိုင်ငံတော်ကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်မည်ဟူသော ခံယူချက်ဖြင့် ကျေးလက် ဒေသ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ ကျေးလက်ဒေသ စိုက်ပျိုးရေနှင့်သန့်ရှင်းသော သောက်သုံး ရေရရှိရေး၊ ကျေးလက်ဒေသ ပညာရည်မြင့်မားရေး၊ ကျေးလက်ဒေသ ကျန်းမာရေးအဆင့်မြင့်မားရေးနှင့် ကျေးလက်ဒေသ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ဟူသောကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်ကို ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်၏ စီးပွားရေးတိုးတက်မြင့်မား ခိုင်မာစေရေးအတွက် စီးပွားရေးဦးတည်ချက်များ၊ အမျိုးသားစီးပွားရေး စီမံကိန်းများချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် စိုက်ပျိုးရေးကို အခြေခံပြီး စက်မှုကဏ္ဍ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ၊ သစ်တောကဏ္ဍ၊ သတ္တုကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ လျှပ်စစ်စွမ်းအားကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍ စသည့် စီးပွားရေးကဏ္ဍများအားလုံး အပြန်အလှန် အထောက်အကူပြုလျက် ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် စီမံဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်၏ အခြေခံအကျဆုံးသော စီးပွားရေးကဏ္ဍဖြစ်သည့်အပြင် နိုင်ငံသူနိုင်ငံသားအများစု ဖြစ်သည့် တောင်သူလယ်သမားကြီးများ၏ အသက်မွေးဝမ်းကျောင်းဖြစ်သော လယ်ယာစိုက်ပျိုးရေး ကဏ္ဍ တိုးတက်အောင်မြင်ရေးအတွက် မြေသယံဇာတ၊ ရေသယံဇာတများကို အစွမ်းကုန်အသုံးချနိုင် စေရေး၊ ခေတ်မီစိုက်ပျိုးရေး နည်းပညာများရရှိရေးနှင့် စက်မှုစိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းရေး တို့ကို နိုင်ငံတော်က အထူးအားပေးဆောင်ရွက်လျက် ရှိသည်။

စိုက်ပျိုးရေးကဏ္ဍ၏ အဓိကလိုအပ်ချက် တစ်ရပ်ဖြစ်သည့် စိုက်ပျိုးရေရရှိရေးအတွက် နိုင်ငံတော်က ဘဏ္ဍာငွေအမြောက်အမြားကျခံသုံးစွဲလျက် ဆည်မြောင်းတာတမံများ၊ ရေထိန်းတံခါးကြီးများ၊ မြစ်ရေတင် စီမံကိန်းများ၊ မြေအောက်ရေရရှိရေးလုပ်ငန်းများကို နိုင်ငံတစ်ဝန်းလုံးဖြန့်ကြက် တည်ဆောက်ပေးလျက် ရှိသည်။

၁၉၈၈ခုနှစ်မှစ၍ ယနေ့အထိ ဆည်မြောင်းတာတမံ ၁၈၃ ခုကို ဘဏ္ဍာငွေ ကျပ်သန်းပေါင်း ၁၂၀၆၀၀ ကျော် ကျခံသုံးစွဲလျက် တည်ဆောက်ပေးခဲ့သဖြင့် လယ်ယာမြေဧက ၂ ဒသမ ၄ သန်းကျော်ကို အကျိုးပြုနိုင်ခဲ့ပြီ ဖြစ်သည်။ စိုက်ပျိုးရေရရှိရေးလုပ်ငန်းများတွင် မြစ်ရေတင်စီမံကိန်းများကို အကွက်ချ တည်ထောင်ပေးခဲ့သဖြင့် နိုင်ငံအနှံ့ မြစ်ရေတင်လုပ်ငန်းပေါင်း ၂၉၃ ခု ဖြစ်ထွန်းလာပြီး လယ်ယာမြေဧက လေးသိန်းခန့်ကို အကျိုးပြုလျက်ရှိသည်။

တောင်သူလယ်သမားကြီးများက စိုက်ပျိုးရေပေးသွင်းပြီး သီးထပ်သီးညှပ်စိုက်ပျိုးခြင်း၊ မြေလွတ် မြေရိုင်းများ၊ ပလပ်မြေများ၊ ရေကြီးကွင်း ရေနက်ကွင်းများကို အဖိုးတန်လယ်မြေများအဖြစ် ဖော်ထုတ် တိုးချဲ့စိုက်ပျိုးခြင်း၊ မျိုးကောင်းမျိုးသန့်နှင့် ခေတ်မီစိုက်ပျိုးရေးနည်းပညာများ အသုံးပြုစိုက်ပျိုးခြင်း ကြောင့် သီးနှံစိုက်စွမ်းအားတိုးတက်ပြီး အထွက်နှုန်းမြင့်မားလာလျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားပြည်သူများ စားနပ်ရိက္ခာ ဖူလုံပိုလျှံရေး အတွက် သီးနှံအထွက်တိုးရေး ကြိုးပမ်းအားထုတ်နေကြသော တောင်သူလယ်သမားကြီးများ၏ ဂုဏ်ကျေးဇူးကို နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက လေးစားဂုဏ်ပြုလျက် ရှိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်မြို့၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန်ရောက်ရှိနေသော အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ ဆူဆီလိုဘန်ဘန်းယူဒိုရိုနို၏ ဇနီး မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီနှင့်အဖွဲ့ဝင်များ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်နှင့် ပြည်နယ်၊ တိုင်း အမျိုးသမီးရေးရာအဖွဲ့တို့၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေး ကြစဉ်။ (သတင်းစဉ်)

အင်ဒိုနီးရှားနိုင်ငံသမ္မတကြီး၏ဇနီးနှင့်အဖွဲ့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာ့ကျောက်မျက်ရတနာပြတိုက်တို့သို့ကြည့်ရှုလေ့လာ

ရန်ကုန် မတ် ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့၏ဖိတ်ကြားချက်အရ ရန်ကုန်မြို့၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနို၏ဇနီး မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီနှင့် အဖွဲ့ဝင်များသည် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ၏ဇနီး ဒေါ်မြသီဂီ အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးခင်ဇော်ဝင်း၏ဇနီး ဒေါ်သွယ်သွယ်မြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ညနေ၃နာရီတွင် ရန်ကုန်မြို့ သံလွင်လမ်းရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ ရောက်ရှိလာကြရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့နှင့် အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ ဧည့်သည်တော် မဒမ် ခရစ္စတီယာနီဟယ်ယာဝါတီနှင့် အဖွဲ့ဝင်များအား မြန်မာနိုင်ငံအမျိုးသမီး ရေးရာအဖွဲ့ချုပ် အထွေထွေအတွင်း ရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်မာထွန်းက မြန်မာနိုင်ငံအမျိုးသမီး ရေးရာအဖွဲ့ချုပ် အကြောင်းကို ရှင်းလင်း ပြောကြားသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ဧည့်သည်တော် မဒမ် ခရစ္စတီယာနီဟယ်ယာဝါတီက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ ချုပ်၏ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဧည့်သည်တော် မဒမ် ခရစ္စတီယာနီဟယ်ယာဝါတီနှင့်အဖွဲ့ဝင် များသည် ခန်းမအတွင်း ခင်းကျင်း ပြသထားသော မြန်မာနိုင်ငံအမျိုးသမီး ရေးရာအဖွဲ့ချုပ်နှင့် ပြည်နယ်/တိုင်း အမျိုးသမီးရေးရာအဖွဲ့တို့၏ လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများ၊ အမျိုးသမီးရေး ရာအဖွဲ့ဝင်များ၏ သစ်သီးအလှပြင် ခြင်း၊ ပန်းအလှပြင်ခြင်းနှင့် ဓာထိုး ပန်းထိုး ပြုလုပ်နေမှုများကို လှည့်လည် ကြည့်ရှုအားပေးကြသည်။

ထိုမှတစ်ဆင့် အင်ဒိုနီးရှားသမ္မတ နိုင်ငံ သမ္မတကြီး၏ဇနီး မဒမ်ခရစ္စတီ ယာနီဟယ်ယာဝါတီနှင့် အဖွဲ့ဝင် များသည် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ ကျောက်မျက်ရတနာ ပြတိုက်သို့ ရောက်ရှိလာကြရာ မြန်မာ့ကျောက် မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေ၊ မြန်မာ့ကျောက်မျက်ရတနာ ပြတိုက် ပြတိုက်မှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဝင်းနှင့် ဌာနဆိုင်ရာ တာဝန် ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းပြသ

ထို့နောက် ဧည့်သည်တော် မဒမ် ခရစ္စတီယာနီဟယ်ယာဝါတီနှင့် အဖွဲ့ ဝင်များသည် မြန်မာ့ကျောက်မျက် ရတနာပြတိုက်အတွင်း ခင်းကျင်းပြသ ထားသည့် ကျောက်မျက်ရတနာများ ကို လှည့်လည်ကြည့်ရှုလေ့လာကြရာ မြန်မာ့ကျောက်မျက်ရတနာပြတိုက် ပြတိုက်မှူး ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြ သည်။

ယင်းနောက် ဧည့်သည်တော် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီ သည် မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်၏ ဧည့်သည်တော်မှတ်တမ်း တွင် လက်မှတ်ရေးထိုးပြီး ပြန်လည် ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန်ရောက်ရှိနေသော အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ ဆူဆီလိုဘန်ဘန်းယူဒိုရိုနို၏ဇနီး မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီနှင့် အဖွဲ့ဝင်များ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့နှင့် အဖွဲ့ဝင်များအား တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းမှု အရှိန်အဟုန်ကို မြှင့်တင် စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရန် လယ်ယာသုံးစက်ကိရိယာများ တိုးတက်ထုတ်လုပ်ရေး နိုင်ငံတော်နှင့် ပုဂ္ဂလိကကဏ္ဍတို့ ပေါင်းစပ်ကြိုးပမ်းဆောင်ရွက်လျက်ရှိ

❒ **ရှေ့ဖုံးမှ**

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကို ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး ဦးတည်ချက်ချမှတ်၍ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသော ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသည် နိုင်ငံသူနိုင်ငံသားများ၏ စားနပ်ရိက္ခာ ဖူလုံပြည့်စုံစေရေးအတွက်သာမက နိုင်ငံတော်၏ စီးပွားရေးတိုးတက်ဖြစ်ထွန်းမှုကိုပါ ဖော်ဆောင်ဖြည့်ဆည်းပေးနေသော ထုထည်ပမာဏကြီးမားခိုင်ခံ့သည့် အခြေခံအကျဆုံး ကုန်ထုတ်လုပ်ငန်းကြီးတစ်ရပ်ဖြစ်ပါသည်။ ထို့အပြင် လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် တောင်သူလယ်သမားကြီးများ အပါအဝင် ကျေးလက်ဒေသနေ ပြည်သူများ၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ ဖန်တီးဖော်ဆောင်ပေးနိုင်သော စီးပွားရေးကဏ္ဍကြီးတစ်ရပ်လည်း ဖြစ်ပါသည်။

သို့ဖြစ်သည်နှင့်အညီ နိုင်ငံတော်၏ စီးပွားရေးတိုးတက်မြင့်မား ခိုင်မာစေရေးအတွက် စီးပွားရေးဦးတည်ချက်များ၊ အမျိုးသားစီးပွားရေး စီမံကိန်းများချမှတ်လျက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် စိုက်ပျိုးရေးကို အခြေခံပြီး စက်မှုကဏ္ဍ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ၊ သစ်တောကဏ္ဍ၊ သတ္တုကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ လျှပ်စစ်စွမ်းအားကဏ္ဍနှင့်ကုန်သွယ်မှုကဏ္ဍ စသည့် စီးပွားရေးကဏ္ဍများ အားလုံးအပြန်အလှန် အထောက်အကူပြုလျက် ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် စီမံဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်၏ အခြေခံအကျဆုံးသော စီးပွားရေးကဏ္ဍဖြစ်သည့်အပြင် နိုင်ငံသူနိုင်ငံသားအများစုဖြစ်သည့် တောင်သူလယ်သမားကြီးများ၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းဖြစ်သော လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးတက်အောင်မြင်ရေးအတွက် မြေသယံဇာတ၊ ရေသယံဇာတများကို အစွမ်းကုန်အသုံးချနိုင်စေရေး၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာများရရှိရေးနှင့် စက်မှုစိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းရေးတို့ကို နိုင်ငံတော်က အထူးအားပေး ဆောင်ရွက်လျက် ရှိပါသည်။

စိုက်ပျိုးရေးကဏ္ဍ၏ အဓိကလိုအပ်ချက် တစ်ရပ်ဖြစ်သည့် စိုက်ပျိုးရေ ရရှိရေးအတွက် နိုင်ငံတော်က ဘဏ္ဍာငွေအမြောက်အမြား ကျခံသုံးစွဲလျက် ဆည်မြောင်းတာတမံများ၊ ရေထိန်းတံခါးကြီးများ၊မြစ်ရေတင်စီမံကိန်းများ မြေအောက်ရေရရှိရေးလုပ်ငန်းများကို ရေမြေသဘာဝ အခြေအနေကိုလိုက်၍ တစ်နိုင်ငံလုံး ဖြန့်ကြက်တည်ဆောက်ပေးလျက် ရှိပါသည်။

ထို့ကြောင့် ၁၉၈၈ ခုနှစ်မှစ၍ ယနေ့အချိန်အထိ ဆည်မြောင်းတာတမံ ၁၈၃ ခုကို ဘဏ္ဍာငွေကျပ်သန်းပေါင်း ၁၂၀၆၀၀ကျော် ကျခံသုံးစွဲလျက် တည်ဆောက်ပေးခဲ့သဖြင့် လယ်ယာမြေဧက ၂ဒသမ၄သန်းကျော်ကို အကျိုးပြုနိုင်ခဲ့ပြီ ဖြစ်ပါသည်။ စိုက်ပျိုးရေရရှိရေးလုပ်ငန်းများတွင် မြစ်ရေတင်စီမံကိန်းများကို အကွက်ချတည်ထောင်ပေးခဲ့သဖြင့် နိုင်ငံအနှံ့ မြစ်ရေတင်လုပ်ငန်းပေါင်း ၂၉၃ ခု ဖြစ်ထွန်းလာပြီး လယ်ယာမြေဧက လေးသိန်းခန့်ကို အကျိုးပြုနိုင်လျက်ရှိပြီ ဖြစ်ပါသည်။

စိုက်ပျိုးရေပေးသွင်းနိုင်ပြီး သီးထပ်သီးညှပ် စိုက်ပျိုးနိုင်ခြင်းကြောင့် လည်းကောင်း၊ မြေလွတ်မြေရိုင်းများ၊ ပလပ်မြေများ၊ ရေကြီးကွင်း၊ ရေနက်ကွင်းများကို အဖိုးတန်လယ်မြေများအဖြစ် ဖော်ထုတ်တိုးချဲ့နိုင်ခြင်းကြောင့် လည်းကောင်း၊ မျိုးကောင်းမျိုးသန့်နှင့် ခေတ်မီစိုက်ပျိုးရေးနည်းပညာများ အသုံးပြုနိုင်ခြင်းကြောင့်လည်းကောင်း သီးနှံစိုက်စွမ်းအားတိုးတက်မှု၊ အထွက်နှုန်းမြင့်မားမှု အကျိုးရလဒ်ကောင်းများကို တောင်သူလယ်သမားကြီးများ ရရှိခံစားနေကြရပြီ ဖြစ်ပါသည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းမှုအရှိန်အဟုန်ကို မြှင့်တင်ပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုအထောက်အကူဖြစ်နိုင်စေရေးအတွက် ထွန်ယက်ခြင်း၊ စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြွေလှေ့ခြင်းတို့ကို စက်ကိရိယာအင်အား သုံးစွဲဆောင်ရွက်သည့် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်စေရန် လယ်ယာသုံးစက်ကိရိယာများ တိုးတက်ထုတ်လုပ်ရေး အစီအမံများကို နိုင်ငံတော်ကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပေါင်းစပ်ကြိုးပမ်း ဆောင်ရွက်လျက်လည်းရှိပါသည်။

စက်မှုလယ်ယာစနစ် ကူးပြောင်းရေးတွင် အဓိကလိုအပ်ချက် တစ်ရပ်ဖြစ်သော စွမ်းအင်ကဏ္ဍတွင်လည်း မြန်မာနိုင်ငံတွင် အလေ့ကျပေါက်ရောက်နေသည့် ခြံစည်းရိုးကြက်ဆူပင်မှ ဇီဝလောင်စာဆီ ထုတ်လုပ်နိုင်သော စွမ်းရည်နှင့်နည်းပညာကို ဖော်ထုတ်နိုင်ခဲ့ပြီ ဖြစ်သဖြင့် ခြံစည်းရိုးကြက်ဆူပင်များ တစ်နိုင်ငံလုံးတွင် အလုံးအရင်းဖြင့် စိုက်ပျိုးထုတ်လုပ်သွားရန် နိုင်ငံတော်က အားပေးဆောင်ရွက်နေပြီ ဖြစ်ပါသည်။ တောင်သူလယ်သမားကြီးများကလည်း လွယ်လင့်တကူ စိုက်ပျိုးထုတ်လုပ်နိုင်ပြီး အသုံးဝင်မှုတန်ဖိုးကြီးမားလှသည့် ခြံစည်းရိုးကြက်ဆူပင်များကို စက်မှုလယ်ယာစနစ် ဖြစ်ထွန်းရေးအတွက် လည်းကောင်း၊ ကျေးလက်သုံးလျှပ်စစ်နှင့် စွမ်းအင်လိုအပ်ချက် ဖြည့်ဆည်းနိုင်ရေးအတွက် လည်းကောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် အဓိကတွန်းအားတစ်ရပ်အနေဖြင့်လည်းကောင်း၊ သွင်းကုန်အစားထိုး စီးပွားရေးလုပ်ငန်းတစ်ရပ်အဖြစ်လည်းကောင်း ကြီးမားသော ရည်မှန်းချက်များထားလျက် စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်သွားကြရန် တိုက်တွန်းအပ်ပါသည်။

ချစ်ကြည်လေးစားအပ်သော တောင်သူလယ်သမားကြီးများခင်ဗျား–

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့်ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံသူနိုင်ငံသားပြည်သူများအားလုံး၏ လူမှုဘဝတိုးတက်မြင့်မားစေရေးနှင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေးတို့အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များ ချမှတ်လျက် နယ်ပယ်ကဏ္ဍစုံမှ နိုင်ငံတော်ကို ကြိုးပမ်းတည်ဆောက်လျက် ရှိပါသည်။ ယင်းအမျိုးသားရေး ရည်မှန်းချက်များ အောင်မြင်ပြည့်မြောက်ရေးအတွက် နိုင်ငံတော်၏စီးပွားရေး ခိုင်မာတောင့်တင်းမှုစွမ်းအား၊ အမျိုးသားစည်းလုံးညီညွတ်မှု စွမ်းအားတို့ဖြင့် ဖော်ဆောင်ပေးကြရမည်ဖြစ်ပါသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒအပေါ်တွင် မြဲမြံစွာရပ်တည်လျက် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုနှင့် အမျိုးသားစည်းလုံးညီညွတ်မှုတို့ ခိုင်မာသည်ထက်ခိုင်မာအောင် တည်ဆောက်လျက်ရှိပါသည်။

ထို့အပြင် ပြည်သူများ၏ လိုလားတောင့်တချက်နှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်လျက် ပထမဆုံးအဆင့်ဖြစ်ပြီး အရေးအကြီးဆုံးအဆင့်လည်းဖြစ်သည့် အမျိုးသားညီလာခံ ကျင်းပခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ အရှိန်မှန်မှန်ဖြင့် အောင်မြင်ဖြစ်ထွန်းနေပြီ ဖြစ်ပါသည်။ ယင်း အမျိုးသားညီလာခံကြီးတွင် တောင်သူလယ်သမားကြီးများ၏ ကိုယ်စားလှယ်များလည်း အမျိုးသားညီလာခံ ကိုယ်စားလှယ်များအဖြစ် တစ်တပ်တစ်အား ပါဝင်တက်ရောက်၍ အမျိုးသားရေးတာဝန်ကြီးအား ထမ်းဆောင်လျက်ရှိသည်ကို ဂုဏ်ယူဝမ်းမြောက်ဖွယ် တွေ့မြင်ရပါသည်။

ယင်းသို့သော အချိန်အခါတွင် ကိုလိုနီနယ်ချဲ့လက်သစ်များက ယင်းတို့၏လက်ကိုင်တုတ်ပုဆိန်ရိုးများကို အသုံးပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်အောင်၊ အမျိုးသားညီလာခံကြီးကို သေးသိမ်မှေးမှိန်အောင် နည်းမျိုးစုံဖြင့် ကြံစည်လုပ်ဆောင်လျက်ရှိသည်ကို တောင်သူလယ်သမားကြီးများ အပါအဝင် တိုင်းရင်း သားပြည်သူတစ်ရပ်လုံးက သတိရှိရှိဖြင့် ကာကွယ်တားဆီးသွားရမည်ဖြစ်ပါသည်။

သို့ဖြစ်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုလျက်–

- **နိုင်ငံတော်၏ အဓိက စီးပွားရေးကဏ္ဍကြီးဖြစ်သော လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတက်ရေးအတွက်လည်းကောင်း၊**
- **နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို နှောင့်ယှက်ဟန့်တားနေသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို ကာကွယ်တိုက်ဖျက်ရေး အတွက်လည်းကောင်း၊**
- **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက်လည်း ကောင်း**

တောင်သူလယ်သမားကြီးများက အမျိုးသားရေးတာဝန်အဖြစ်ခံယူကာ နိုင်ငံတော်အစိုးရနှင့်အတူ တက်ကြွစွာ ပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြပါရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၂-၃-၂၀၀၆
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅:၀၀ ၈။ မျိုးချစ်တပ်မတော်
၅:၄၀ ၉။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၅။ ကာတွန်းအစီအစဉ် **"ပါကျဲ"** (အပိုင်း–၁၄)
၆:၅၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြက်ခင်းစိမ်းနဲ့ အိမ်ကလေး"** အပိုင်း(၁)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ မြဝတီရဲ့မြဝတီ
၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပါရမီရှင်သိုင်းလုလင်"** အပိုင်း(၂၂)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် စတုတ္ထအကြိမ်မြောက် တစ်နိုင်ငံလုံး ပိုလီယိုကင်းစင်ရေး ဆောင်ရွက်မှုအဖြစ် ဖေဖော်ဝါရီ ၂၇ရက်က ကလေးငယ်တစ်ဦးအား ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးနေ သည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဈေးနှုန်းချိုသာသော ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ ပြည်သူများကို အထောက်အကူပြုနိုင်ကြောင်း တရုတ်သမ္မတ ပြောကြား

ပေကျင်း မတ် ၁

တရုတ်နိုင်ငံတွင် ဈေးနှုန်းချိုသာသော ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းများနှင့် လက်လှမ်းမီသော ကျန်းမာရေးအထောက်အကူပြု လုပ်ငန်းများနှင့်အတူ ပြည်သူများအား အကူအညီပေးကြရေးနှင့် ကျန်းမာရေးဆိုင်ရာ စုပေါင်းဆောင်ရွက်မှုများ ထူထောင်ကြရန် ကျန်းမာရေး ဌာနများနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများအား တရုတ်သမ္မတ ဟူကျင်တောင်နှင့် ဝန်ကြီးချုပ် ဝမ်ကြားပေါင်တို့က ဖေဖော်ဝါရီ ၂၆ရက်က တိုက်တွန်းလိုက်သည်။

ဖေဖော်ဝါရီ ၂၅ရက်နှင့် ၂၆ရက်များတွင် ပြုလုပ်ခဲ့သော တရုတ်နိုင်ငံ၏ ကျန်းမာရေးဆိုင်ရာ ညီလာခံတစ်ခု၌ ကျန်းမာရေးနှင့် ပတ်သက်သော ရှေ့လုပ်ငန်းစဉ်များကို တရုတ်ခေါင်းဆောင်များက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်း ဖြစ်သည်။

တရုတ်သမ္မတ ဟူကျင်တောင်။

အထောက်အကူပြု

တရုတ်နိုင်ငံတွင် ဈေးနှုန်းသက်သာသော ကျန်းမာရေးလုပ်ငန်းများသည်သာ ပြည်သူတို့၏ ကျန်းမာရေး အခြေအနေတိုးတက်မှုကို အထောက်အကူပြုပေးနိုင်မည်ဖြစ်ကြောင်း တရုတ်သမ္မတ ဟူကျင်တောင်က ပြောကြားခဲ့သည်။

ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းများ ပြုပြင်ပြောင်းလဲမှုနှင့် ဆန်းသစ်မှုများသည် ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကို ပိုမိုဖွံ့ဖြိုးတိုးတက်စေမည် ဖြစ်ကြောင်း တရုတ်ဒုတိယဝန်ကြီးချုပ် ဂူရီက ပြောကြားသည်။

ထပ်မံပြောကြား

နိုင်ငံတစ်ဝန်း ရောဂါများတားဆီးရေးနှင့် တိုးတက်ဖြစ်ပွားမှုကို ထိန်းချုပ်ရေးအတွက် ဆေးဝါးများကို ဖြန့်ဖြူးပေးနိုင်ခြင်းသည်လည်း အရေးကြီးကြောင်း တရုတ်ဒုတိယ ဝန်ကြီးချုပ် ဂူရီက ထပ်မံပြောကြားသည်။

ဒေသဆိုင်ရာ အာဏာပိုင်များ လုပ်ဆောင်ချက်များသည်လည်း ကျန်းမာရေးဆိုင်ရာ တိုးတက်မှုတွင် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပြီး ဆေးဘက်ဆိုင်ရာ စုပေါင်းဆောင်ရွက်မှု စနစ်များဖွံ့ဖြိုးတိုးတက်ရန် လူမှုရေးဆိုင်ရာ အဖွဲ့အစည်းများကိုလည်း စည်းရုံးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း တရုတ်သမ္မတ ဟူကျင်တောင်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်သိပ္ပံပညာရှင်များ ပိုးသားကိုအသုံးပြု၍ လူ့အရေပြားအတုများဖန်တီးထုတ်လုပ်

ပေကျင်း မတ် ၁

တရုတ်နိုင်ငံအရှေ့ပိုင်း ကျီကျန်းပြည်နယ်မှ သိပ္ပံပညာရှင်များသည် အရေပြားများ ပျက်စီးမှုကို ဆေးကုသရာတွင် အမာရွတ်များထင်ကျန်မှု လျော့နည်းသက်သာစေရန်အတွက် အထောက်အကူပြုမည်ဟု မျှော်လင့်ချက်ဖြင့် လူတို့ဖန်တီးပြုလုပ်သည့် အရေပြားအတု ပုံစံအသစ်များကို ဖန်တီးရန်အတွက် ပိုးသားများကို အသုံးပြုခဲ့ကြသည်။

ပိုးသားမှနေ၍ အရာဝတ္ထုအသစ်များ ထုတ်ယူနိုင်ခြင်းကို မကြာသေးမီက လေ့လာတွေ့ရှိခဲ့သည်။ သန့်စင်သော ပိုးသားများ ရရှိရန်အတွက် နည်းပညာအသစ်များကို ရွေးချယ်အသုံးပြုခဲ့သည်ဟု ကျီကျန် တက္ကသိုလ် တိရစ္ဆာန် သိပ္ပံဆိုင်ရာ ဌာနမှ ပါမောက္ခ မင်စီကျားက ပြောကြားသည်။

ဇီဝဗေဒဆိုင်ရာ သန့်စင်သော ထုတ်ကုန်အဖြစ် ပိုးသားသည် ပျော့ပျောင်းနူးညံ့ပြီး စိမ့်ဝင်မှုကောင်းသဖြင့် လူသား၏ အရေပြားနှင့် သဘာဝအားဖြင့်ဆက်စပ်မှုအရှိဆုံးဖြစ်ကြောင်း မင်စီကျားက ပြောကြားသည်။

အချို့အရေပြားရောဂါအထူးကုဆရာဝန်များသည် ၎င်းတို့၏ လူနာများအား အရေပြား ကျန်းမာရေး ကောင်းမွန်ရန်အတွက် ပိုးချည်အောက်ခံ အင်္ကျီများကို ဝတ်ဆင်သင့်ကြောင်း အကြံပေးခဲ့ကြသည်။

မင်စီကျားသည် ဂျပန်နိုင်ငံ၌ သူမ၏ ပီအိပ်ချ်ဒီဘွဲ့အတွက် တက်ရောက်နေစဉ် ပိုးသား၏ အရည်အသွေးနှင့်လုပ်ဆောင်မှုကို သဘောကျခဲ့ပြီး ၁၉၉၆ခုနှစ်တွင် ပိုးသားကို ဆေးဘက်ဆိုင်ရာတွင် အသုံးပြုရန်အတွက် လေ့လာစမ်းသပ်မှုများကို စတင်ဆောင်ရွက်ခဲ့သည်။

သူမသည် ၁၀နှစ်ကြာအောင် သုတေသနလုပ်ငန်းများကို လုပ်ဆောင်ခဲ့ပြီးနောက် ပိုးသားမှ အရေပြားပြုလုပ်နိုင်သည့် ဇီဝပတ်တီး အောင်မြင်စွာ တွေ့ရှိခဲ့သည်။ ကျီကျန်းတက္ကသိုလ်ရှိ သူမ၏ဓာတ်ခွဲခန်းတွင်သတင်းထောက်များအား ဇီဝပတ်တီးကို ပြသခဲ့ပြီး သူမ၏ လက်ကျောဘက်တွင် ကပ်ပြသောအခါ ဇီဝပတ်တီးသည် အရေပြားနှင့် ချုပ်ရာ စွတ်ရာများ မရှိဘဲ လျင်မြန်စွာ ဆက်သွားသည်ကို တွေ့ရှိရသည်။ ယင်းဇီဝပတ်တီးကို အသုံးပြုခြင်းဖြင့် အရေပြားပျက်စီးမှုကြောင့် အမာရွတ်များ ထင်ကျန်မှုကို လျော့နည်း သက်သာစေကြောင်း ပြသခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပခဲ့သော နိုင်ငံတကာ ငါးဖမ်းကိရိယာများ ပြပွဲတွင် ပြသထားသော ပင်လယ်ပြင်အောက်ရှိ သတင်းအချက်အလက်များကို သတင်းပြန်ပို့သည့် ငါးရှာဖွေရေးကိရိယာများ တပ်ဆင်ထားပြီး အဝေးထိန်းစနစ်ဖြင့် မောင်းနှင်နိုင်သော ငါးဖမ်းသင်္ဘောစက်ရုပ်ကို ဖေဖော်ဝါရီ ၂၇ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)



အကြမ်းဖက်မှုနှင့် မူးယစ်မှောင်ခိုရောင်းဝယ်မှုအား အရှေ့အာရှနှင့် လက်တင်အမေရိကနိုင်ငံများ ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ ဖိုရမ်ကျင်းပ

ဘိုဂိုတာ မတ် ၁

အရှေ့အာရှနှင့်လက်တင်အမေရိကတို့၏ နှစ်ရက်ကြာကျင်းပသည့် အရှေ့အာရှ-လက်တင်အမေရိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဖိုရမ်ကို ဘိုဂိုတာမြို့၌ ဖေဖော်ဝါရီ ၂၇ရက်က စတင်ခဲ့ကြောင်း၊ အဆိုပါဖိုရမ်၏ အကြောင်းအရာမှာ အကြမ်းဖက်မှုနှင့် မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်မှုများကို တိုက်ဖျက်ရန်အတွက်ဖြစ်ကြောင်း သိရသည်။

ဖွင့်ပွဲနေ့တွင် ကိုလံဘီယာနှင့် စင်ကာပူနိုင်ငံတို့မှ ကိုယ်စားလှယ်များက ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့ကြပြီး အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများကို တိုက်ဖျက်ရာတွင် စည်းလုံးညီညွတ်စွာ အတူတကွ ပူးပေါင်း ဆောင်ရွက်သွားကြမည်ဟု ပြောကြားခဲ့ကြသည်။

တင်ပြဆွေးနွေး

အစည်းအဝေး တက်ရောက်လာသော ၃၂နှစ်နိုင်ငံမှ ကိုယ်စားလှယ်များက တင်ပြရာတွင် သတင်းစာဆရာများ အပြန်အလှန်စေလွှတ်ရေးနှင့် သတင်းများ ဖလှယ်ရန် နက်ဝ်ဝက်တစ်ခု ထူထောင်ရေးကို တင်ပြဆွေးနွေးခဲ့ကြသည်။

စီမံကိန်းများချမှတ်နိုင်

ယခုအစည်းအဝေးသည် နိုင်ငံအများအပြား၏ ဆက်ဆံရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေး၊ စွမ်းအားပြည့်ဆက်လက်လုပ်ဆောင်သွားရေး စီမံကိန်းများကို ချမှတ်နိုင်ခဲ့ကြောင်း ကိုလံဘီယာ နိုင်ငံခြားရေးဝန်ကြီး ကာလို့စ်အိုစပီနာက ပြောကြားသည်။

အရှေ့အာရှနှင့် လက်တင်အမေရိက ဆိုင်ရာအစည်းအဝေးသည် နိုင်ငံရေး၊ ယဉ်ကျေးမှုနှင့် ပညာရေးဆိုင်ရာ နယ်ပယ်များတွင် ချိတ်ဆက်ပေးမှုများ ပြုလုပ်နိုင်ခဲ့ကြောင်းလည်း ၎င်းက ပြောကြားသည်။

ပါဝင်

အရှေ့အာရှနှင့် လက်တင် အမေရိက ဖိုရမ်အုပ်စုတွင် အာဂျင်တီးနား၊ ဩစတြေးလျ၊ ဘိုလီးဗီးယား၊ ဘရာဇီး၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ ကိုလံဘီယာ၊ တောင်ကိုရီးယား၊ ကောစတာရီကာ၊ ကျူးဘား၊ ချီလီ၊ တရုတ်၊ အီကွေဒေါ၊ ဆဲလ်ဗာဒို၊ ဖိလစ်ပိုင်၊ ဂွာတီမာလာ၊ အင်ဒိုနီးရှား၊ ဂျပန်၊ လာအို၊ မလေးရှား၊ မက္ကဆီကို၊ မြန်မာ၊ နီကာရာဂွာ၊ နယူးဇီလန်၊ ပနားမား၊ ပါရာဂွေး၊ ပီရူး၊ စင်ကာပူ၊ ထိုင်း၊ ဥရုဂွေး၊ ဗင်နီဇွဲလားနှင့် ဗီယက်နမ်တို့ ပါဝင်ကြသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံခြား သတင်းများ

ရောမမီးတောင်ကြီး ပေါက်ကွဲခဲ့သည့်နေရာ အင်ဒိုနီးရှား ဆွမ်ဘဝါကျွန်း၌ ရှာဖွေတွေ့ရှိ

ဂျကာတာ မတ် ၁

အင်ဒိုနီးရှားနိုင်ငံ၌ ရောမမီးတောင်ကြီးတစ်လုံးပေါက်ကွဲမှုကြောင့် ပျောက်ဆုံးသွားသော ဒေသတစ်ခုကို ပြန်လည်ရှာဖွေတွေ့ရှိခဲ့ကြောင်း အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြထားသည်။

အင်ဒိုနီးရှားနိုင်ငံ ဆွမ်ဘဝါကျွန်းပေါ်ရှိ တမ်ဘိုရာမီးတောင်ကြီးသည် ၁၈၁၅ ခုနှစ်က ပေါက်ကွဲခဲ့ရာ လူပေါင်း ၁၀၀၀၀၀ ကျော်သေဆုံးခဲ့ရသည်။

အဆိုပါ မီးတောင်ပေါက်ကွဲခဲ့သည့်နေရာမှ ပြာများပိကာ သေဆုံးနေသော ရုပ်ကြွင်းအလောင်းနှစ်လောင်းနှင့် နေအိမ်တစ်လုံးကို ရှာဖွေတွေ့ရှိခဲ့သည်ဟု ဆိုသည်။ ယင်းမီးတောင်နေရာမှ ကြေးဇလုံများ၊ ကြွေရည်သုတ်အိုးများနှင့် အခြားလက်မှု အနုပညာပစ္စည်းများတွေ့ရှိခဲ့ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

တမ်ဘိုရာ မီးတောင်သည် အရှေ့ပွမ်ပိုင်းဒေသဖြစ်ရန်များကြောင်း၊ ၎င်းသည် စိတ်ဝင်စားမှုအရှိဆုံး ယဉ်ကျေးမှု အမွေအနှစ် ဖြစ်လာနိုင်ကြောင်း၊ လွန်ခဲ့သော အနှစ် ၂၀က ဦးဆောင်ရှာဖွေနေသော ရိုဒီကျွန်း တက္ကသိုလ်မှ ပါမောက္ခ ဟာရာဒါစင်ဂါဆွန်က ပြောကြားသည်။

၁၈၁၅ ခုနှစ်က အဆိုပါ မီးတောင်ပေါက်ကွဲမှုကြောင့် သေဆုံးသူများအားလုံး၊ နေအိမ်များနှင့် ယဉ်ကျေးမှုအမွေအနှစ်များ လက်ရာမပျက်မူလအတိုင်း ရှိနေကြဆဲဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

မီးတောင်ပေါက်ကွဲမှုကြောင့် ပျောက်ဆုံးခဲ့သော အဆိုပါ ကျေးရွာကြီးကို မြောက်ကယ်လီဖိုးနီးယားတက္ကသိုလ်မှ ဟာရာဒါစင်ဂါဆွန်နှင့် လုပ်ဖော်ကိုင်ဖက်များ၊ အင်ဒိုနီးရှားမီးတောင်ညွှန်ကြားရေးမှူးတို့က တွေ့ရှိခဲ့ကြခြင်းဖြစ်သည်။ ယင်းတို့သည် ၂၀၀၄ ခုနှစ်က အဆိုပါ ကျေးရွာနေရာကို ရှာဖွေခဲ့ကြသည်ဟု ဆိုသည်။ ယင်းတို့သည် ရှေးဟောင်း ပစ္စည်းများ တွေ့ရှိခဲ့သော လမ်းညွှန်တစ်ဦး အကူအညီဖြင့် မီးတောင်ကျောက်တုံးများနှင့် ပြာတောများကိုဖြတ်ကာ တောကြီးမျက်မည်းခရီးကို စတင်ခဲ့သည်။

အဆိုပါ ကျေးရွာအား စတင်တွေ့ရှိရာတွင် အိုးကွဲများ၊ သစ်သားချောင်းများနှင့် အရိုးများစတင်တွေ့ရှိစဉ်၊ ယင်းနေရာအား ရေဒါဖြင့် စမ်းသပ်လိုက်ရာ မြေအောက်၁၀ ပေခန့်တွင် နစ်မြုပ်နေသော နေအိမ်တစ်လုံးကို စတင်တွေ့ရှိခဲ့သည်။ **(အင်တာနက်)**

မီးတောင်ပေါက်ကွဲခဲ့သည့်နေရာ၌ ရှာဖွေရေး ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

နှစ် ၃၀၀၀ခန့်က ရုပ်တု

လွန်ခဲ့သော နှစ်ပေါင်း ၃၀၀၀ခန့်က ရုပ်တုတစ်ခုကို တွေ့ရစဉ်။ (အောက်ပုံ)

အဆိုပါ ရုပ်တုကို အီဂျစ်နိုင်ငံ ကိုင်ရိုမြို့အရှေ့မြောက်မှ ရှာဖွေတွေ့ရှိရခြင်းဖြစ်ပြီး ရှေးခေတ်အီဂျစ်လူမျိုးတို့၏ ဘုရင်တစ်ပါးရုပ်တုဖြစ်ကြောင်းနှင့် သုတေသနပညာရှင်များ၏ ခန့်မှန်းလေ့လာချက်အရ လွန်ခဲ့သော နှစ်ပေါင်း ၃၀၀၀ခန့်က ရုပ်တုတစ်ခုဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ကမ္ဘာ့ အကြီးဆုံး စားပွဲတင်ဘောလုံးကွင်း

ကမ္ဘာ့အကြီးဆုံး စားပွဲတင် ဘောလုံးကွင်းတစ်ခုကို တွေ့ရစဉ်။ (အပေါ်ပုံ)

အဆိုပါ စားပွဲတင်ဘောလုံးကွင်းသည် တစ်ပြိုင်နက်တည်း လူ၃၀အထိ ကစားနိုင်ပြီး ကွင်းအတွင်း အရုပ်ဘောလုံးသမား ၂၀၀ကျော် ပါဝင်ကာ အရုပ်အားကစားသမားများအား ထိန်းချုပ်ထားသည့် တန်းပေါင်း ၇၀ကျော် ပါဝင်ကြောင်း သိရသည်။

ထိုစားပွဲတင်ဘောလုံးကွင်းကြီးကို ဘရာဇီးနိုင်ငံ ဘရာဆီးလီးယားမြို့တွင်ရှိသော အားကစားရုံတစ်ရုံ၌ ထားရှိပြီး အပန်းဖြေလာရောက်ကစားသူများဖြင့် အမြဲစည်ကားလျက်ရှိကြောင်း သိရသည်။ **(အင်တာနက်)**

ပိုက်ခွဲလူနာများ ပီကေဝါးခြင်းဖြင့် မြန်မြန်နာလန်ထနိုင်ဟုဆို

ကယ်လီဖိုးနီးယား မတ် ၁

ပီကေဝါးခြင်းဖြင့် ဝမ်းဗိုက်ပိုင်းခွဲစိတ်ကုသမှုခံယူသည့် လူနာများ မြန်မြန်နာလန်ထနိုင်ကြောင်း သုတေသီများက ပြောကြားသည်။

ပီကေဝါးခြင်းဖြင့် အူသိမ်အူမတို့ ပုံမှန်ပြန်လည်အလုပ်လုပ်ရန် မြန်ဆန်စေသည့် လက္ခဏာကို သုတေသီတို့ တွေ့ရှိသည့်အတွက် လူနာမှာ ဆေးရုံမှ လျင်မြန်စွာ ဆင်းနိုင်သည်ဆို၏။

ပီကေသည် အာရုံကြောကို အစာစားမှုကဲ့သို့ လှုံ့ဆော်ပေးပြီး အစာအိမ်လမ်းကြောင်းကို အသက်သွင်းပေးသည့် ဟော်မုန်းဓာတ်ကို ပိုမိုထုတ်ပေးစေသည်ဟု သုတေသီများက ယူဆကြသည်။

ဖော်ပြထား

ကယ်လီဖိုးနီးယား ပြည်နယ် ဆန်တာဘာဘရာကော့တေ့ တက္ကသိုလ် မှ အဆိုပါ သုတေသီတို့၏ လေ့လာ တွေ့ရှိချက်ကို အားစိုက်အော့ ဆာချရီ ဂျာနယ်တွင် ဖော်ပြထားသည်။

ဝမ်းဗိုက်ပိုင်း ခွဲစိတ်မှု တစ်ခုခုကြောင့် အူတွင်းလုပ်ငန်း လည်ပတ်မှုကို သိသိသာသာ နှေးကွေးစေခြင်း၊ သို့မဟုတ် ရပ်ဆိုင်းစေခြင်းကို ဖြစ်ပေါ်သည့်အခြေသို့ ဆိုက်တတ်သည်။ ထိုအခြေအနေသို့ ဆိုက်ရောက်လျှင် နာကျဉ်မှု ဝေဒနာခံစားရခြင်း၊ အော့အန်ခြင်းနှင့် ဗိုက်ပူဗိုက်ဖောင်းခြင်း ဖြစ်တတ်သည့်အတွက် ဆေးရုံတွင် ကြာကြာနေရသည်။

ထို့အပြင် ရောဂါကူးစက်ခြင်းနှင့် အသက်ရှူကျပ်ခြင်းစသော လက္ခဏာများလည်း ကြုံတွေ့နိုင်သည်။

အူဖြတ်ပစ်ရသော လူနာ ၃၄ဦးကို သုတေသန ပညာရှင်များက စမ်းသပ်ကြည့်သည်။ ခွဲစိတ်ပြီးနောက် လူနာ ၁၇ဦးကို သကြားမပါသည့် ပီကေများ တစ်နေ့သုံးကြိမ် ဝါးခိုင်းသည်။ ကျန် ၁၇ဦးကိုမူ ပီကေဝါးခိုင်းခြင်း မပြုပေ။

ဝမ်းဗိုက်ခွဲစိတ်မှု ပြုလုပ်နေသည်ကို တွေ့ရစဉ်။

ဆေးရုံမှ ဆင်းကြရ

ပီကေဝါးသည့် လူနာ ၁၇ဦးမှာ ပျမ်းမျှအားဖြင့် ဆေးရုံ၌ ၄ရက်နေပြီး ဆင်းသွားသည်။ အခြားလူနာ၁၇ဦးမှာမူ ပျမ်းမျှ၆ရက်ကြာမှ ဆေးရုံက ဆင်းကြရသည်။

ပီကေဝါးသည့် လူနာများသည် မေ့ဆေးလည်း ပြယ်လွယ်ပြီး ပထမဆုံးသော အူသိမ် အူမ လှုပ်ရှားမှုမှာလည်း ပိုမိုစောသည်ကို တွေ့ရသည်။

ပီကေဝါးရန်အကြံပြု

ဝမ်းဗိုက်ခွဲစိတ်ခံရသည့် လူနာအချို့မှာ ခွဲစိတ်ခံရပြီးနောက် ချက်ချင်းလက်ငင်း အချိန်တွင် အစာမစားနိုင်၊ သို့မဟုတ် ရေကိုပင် မသောက်နိုင်ဖြစ်တတ်သည့်အတွက် ပီကေဝါးခိုင်းရန် သုတေသီများက အကြံပြုထားသည်။ **(အင်တာနက်)**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့ရှိ ဈေးတစ်ဈေးမီးလောင် ဆိုင်ပေါင်း၇၀မီးလောင်ခံရပြီး တာကာငွေ ၁၀သန်းခန့်ဆုံးရှုံး

ဒါကာ မတ် ၁

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့ ဈေးတစ်ခုတွင် ဖေဖော်ဝါရီ ၂၆ရက် တနင်္ဂနွေနေ့နံနက်က မီးလောင်ကျွမ်းမှုတစ်ရပ်ဖြစ်ပွားရာ ဆိုင်ပေါင်း ၇၀ မီးလောင်ခံခဲ့ရကြောင်း ယူအင်ဘီ သတင်းဌာနက သတင်းထုတ်ပြန်သည်။

ပြောကြား

အဆိုပါဈေးမှ ဆိုင်တစ်ဆိုင်တွင် လျှပ်စစ်ဝါယာကြိုး ရှော့ဖြစ်ပွားပြီး မီးလောင်မှုဖြစ်ပွားခဲ့ရခြင်း ဖြစ်သည်ဟု မီးငြိမ်းသတ်ရေး သတင်းရပ်ကွက်များက ပြောကြားသည်။

ဆုံးရှုံးခဲ့ရ

မီးလောင်ခြင်းခံရသည့် ဆိုင်များမှာ စားသောက်ကုန်ဆိုင်၂၀၊ အသားငါး အရောင်းဆိုင် ၂၀နှင့် ကုန်စုံဆိုင် ၁၀ဆိုင်အပါအဝင် ဟင်းခတ်အမွှေးအကြိုင် ရောင်းချသည့်ဆိုင် ၁၀ဆိုင် ပါဝင်သွားကြောင်း သိရသည်။ ယခုကဲ့သို့ ဒါကာမြို့ ဈေးမီးလောင်မှုကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ တာကာငွေ ၁၀သန်းခန့် ဆုံးရှုံးခဲ့ရကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ ဧည့်ခံဆောင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် ဧည့်သည်တော်သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့အား ဂုဏ်ပြုညစာတည်ခင်း

ရန်ကုန် မတ် ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ ဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့ ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့ ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ ဧည့်ခံဆောင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုညစာစားပွဲတက်ရောက်

အဆိုပါဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ၎င်းတို့၏ ဇနီးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီးနှင့် ဇနီး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီးနှင့် ဇနီးနှင့်အတူ အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၊ အခြားအဆင့်မြင့်အရာရှိကြီးများနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ဇနီးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်တီးဝိုင်းက အင်ဒိုနီးရှားသမ္မတနိုင်ငံ အမျိုးသားသီချင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အမျိုးသားသီချင်းတို့ကို တီးမှုတ်သည်။

သီဆိုဖျော်ဖြေ

ဂုဏ်ပြုညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း တေးသံရှင်များက မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်ကာ တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြသည်။

ဂုဏ်ပြုညစာသုံးဆောင်အပြီးတွင် သဘင်ဆောင်၌ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ယဉ်ကျေးမှုပဒေသာကပွဲဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ဂုဏ်ပြုလက်ဆောင်ပေးအပ်

ယဉ်ကျေးမှုပဒေသာကပွဲအပြီးတွင် ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့က ဧည့်ခံဖျော်ဖြေကြသည့် အနုပညာရှင်များအား ဂုဏ်ပြုလက်ဆောင်ပေးအပ်ကြသည်။ **(သတင်းစဉ်)**

သဲအင်းဂူ ဝိပဿနာရိပ်သာ ခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၁

တောင်ဥက္ကလာပမြို့နယ် ၁၅ ရပ်ကွက် အမှတ် ၆ဝိုင်း သဲအင်းဂူ ဝိပဿနာရိပ်သာ ရတနာမာန်အောင်ကျောင်းတိုက်၌ မတ် ၆ရက်မှ ၁၃ရက်အထိ မူလသဲအင်းဂူဆရာတော်ကြီး၏ ဥပနိဿယ အတိုင်းရန်ကုန်တစ်မြို့လုံးဆိုင်ရာသဲအင်းဂူသာသနာပြုအဖွဲ့၏ ဩဝါဒါစရိယ ပဓာနကမ္မဋ္ဌာနာစရိယ နယ်လှည့်သာသနာပြုဓမ္မကထိကဆရာတော် ဘဒ္ဒန္တမုနိန္ဒ (ကျိုက်ဝိုင်း) နှင့် အမှတ်၆ဝိုင်း ဆရာတော် ဘဒ္ဒန္တဝီရိယ ဓမ္မာစရိယ ဝိနယဝိဒူ၊ ဘဒ္ဒန္တစိန္တာဓမယ ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ နယ်လှည့်သာသနာပြု ဓမ္မကထိက အရှင်သူမြတ်တို့ကနိဗ္ဗာန်ရောက်ကြောင်း တရားများ ဟောကြားပြသမည် ဖြစ်သည်။

တရားစခန်းဝင်လိုသူများ မတ် ၅ရက် (တနင်္ဂနွေနေ့) ညနေ ၅နာရီအရောက် စာရင်းသွင်းပြီးအရဏ်ဆွမ်း၊ နေ့ဆွမ်း၊ တစ်နေ့တာဆွမ်း၊ အချိုပွဲအအေးများ လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

သာယာမည်

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင်ယနေ့အများအားဖြင့် သာယာမည်။

The Commerce Journal အတွဲ(၆)၊ အမှတ်(၅)ဖြန့်ချိ

ရန်ကုန် မတ် ၁

The Commerce Journal အတွဲ(၆)၊ အမှတ်(၅)ကို ဖြန့်ချိလိုက်ပြီဖြစ်သည်။ အဆိုပါဂျာနယ်တွင် ယခုနှစ် ပဲရာသီမှာ ပဲဈေးကောင်း၊ ပဲပို့ကုန် လိုင်စင်ပိုလျှော့ကျလာ၊ မြန်မာပန်းများ စင်ကာပူဈေးကွက်ဝင်ပြီ၊ တရုတ်ဈေးကွက်တွင် မြန်မာဖရဲသီးနှင့် သခွားမွှေး အဝယ်လိုက်လျက်ရှိ၊ ပို့ကုန်သွင်းကုန် လိုင်စင်များ ပျဉ်းမနားတွင် ထုတ်ပေးနေ၊ပြည်ဝင်ခွင့်/ပြည်နေခွင့် ဗီဇာများအတွက် ထောက်ခံစာများ ရန်ကုန်တွင် ဆောင်ရွက်ပေးနေ၊ Online ဖြင့် ပို့ကုန်သွင်းကုန် လိုင်စင်လျှောက်ထားနိုင်ရေး ဆောင်ရွက်နေ၊ မြန်မာနိုင်ငံကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စားဖိုဆောင်သီးနှံများ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဖွဲ့စည်းရန်ရှိစသည့် သတင်းများအပြင် မောင်စူးစမ်း၊ ဒေါက်တာခင်မောင်ညို၊ ကျွန်းသားငမန်း၊ကြည်မင်း၊ကြည်ရွှန်း၊ ဟံသာထွန်း၊ မောင်ပုဆိုးကြမ်း၊ သိန်းမြသိန်းတို့၏ သုတ၊ ရသ၊ ဆောင်းပါးများ၊ နယ်စပ်စခန်းအလိုက်ပို့ကုန် သွင်းကုန်သတင်း၊ဆရာစံဇာဏီဘို၏ အမည်ဟောကိန်း၊ ပို့ကုန်အခြေခံ ဈေးနှုန်း၊ ဖက်ရှင်၊ ဟာသ၊ ရုပ်ရှင်သတင်းများဖြင့်ဝေဝေဆာဆာဖော်ပြထားပြီးအမှတ် ၃၈ လမ်း၃၀ ပန်းဘဲတန်းမြို့နယ်က တစ်ပြည်လုံးသို့ ဖြန့်ချိထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆေးဝါးကုသခံယူနေကြသော ကျောင်းသား ကျောင်းသူများအတွက် ဆေးရုံစာဖြေဌာနသုံးခု ဖွင့်လှစ်မည်

ရန်ကုန် မတ် ၁

ကျန်းမာရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံစာစစ်အဖွဲ့တို့၏ ညှိနှိုင်းချက်အရ မတ် ၁၄ ရက်မှ ၂၃ရက်အထိကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုကြမည့် ဆေးရုံ၌ ဆေးဝါးကုသမှုခံယူ နေကြရသော ကျောင်းသား ကျောင်းသူများ နစ်နာမှုမရှိစေရန် ရည်ရွယ်လျက် ဆေးရုံစာဖြေဌာနသုံးခုကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီးနှင့် ဝေဘာဂီ အထူးကုဆေးရုံကြီးတို့၌ ဖွင့်လှစ်ပေးရန် စီစဉ်ထားသည်။

စာမေးပွဲဝင်ရောက် ဖြေဆိုလိုကြသည့် ကျောင်းသား ကျောင်းသူ (အတွင်းလူနာ)များသည် အဆိုပါဆေးရုံကြီးများ၌ အထူးတာဝန်ချထားသော ဆေးလူမှုဆက်ဆံရေးအရာရှိများနှင့် ဆက်သွယ်ဆောင်ရွက် အကူအညီ တောင်းခံနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကမ္ဘာ့မိုးလေဝသနေ့အထိမ်းအမှတ် ဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲ ယှဉ်ပြိုင်နိုင်

ရန်ကုန် မတ် ၁

၂၀၀၆ခုနှစ် မတ် ၂၃ရက်တွင် ကျရောက်မည့် (၄၅)ကြိမ်မြောက် ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ်အဖြစ် အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲနှင့် အထက်တန်းအဆင့်စာစီစာကုံးပြိုင်ပွဲများကျင်းပပြီး ဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

ဆောင်းပါးပြိုင်ပွဲအတွက် ပထမဆုငွေကျပ် ၁၅၀၀၀၀၊ ဒုတိယဆု ငွေကျပ် ၁၀၀၀၀၀၊ တတိယဆုငွေကျပ် ၇၅၀၀၀နှင့် စာစီစာကုံးပြိုင်ပွဲ အတွက် ပထမဆုငွေကျပ် ၁၀၀၀၀၀၊ ဒုတိယဆုငွေကျပ် ၇၅၀၀၀၊ တတိယဆုငွေကျပ် ၅၀၀၀၀ ချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲစည်းကမ်းချက်များမှာ ဆောင်းပါးပြိုင်ပွဲအတွက် မည်သူမဆိုယှဉ်ပြိုင်နိုင်ပြီး စာလုံးရေ ၅၀၀၀ ထက် မကျော်လွန်ရပါ။ ဆောင်းပါးအတွက် အထောက်အကူပြု ဓာတ်ပုံဇယား စသည်တို့ဖော်ပြနိုင်သည်။ စာစီစာကုံးပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်သည့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူဖြစ်ရမည်ဖြစ်ပြီး သက်ဆိုင်ရာကျောင်းအုပ်ကြီး၏ ထောက်ခံစာပါရှိရမည်ဖြစ်ပြီး စာလုံးရေ ၃၀၀၀ထက် မကျော်လွန်ရပါ။

ဆောင်းပါးပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှစ်ရပ်လုံးအတွက်သတ်မှတ်ချက်မှာ ပြိုင်ပွဲနှစ်ရပ်လုံးအတွက် သတ်မှတ်ခေါင်းစဉ်သည် **"လျှော့ချကာကွယ် သဘာဝဘေးအန္တရာယ်"**ဖြစ်သည်။

စာမူကို လက်နှိပ်စက်၊ ကွန်ပျူတာ လက်ရေး စသည်ဖြင့် ရေးသားပေးပို့နိုင်ပြီး စာမျက်နှာတစ်ဖက်တည်းတွင် သပ်ရပ်စွာရေးသားပေးပို့ရမည်။ မူရင်းစာမူအပြင် မိတ္တူအပို တစ်စောင်ပေးပို့ရမည်။ ယှဉ်ပြိုင်ရန် ပေးပို့သောစာမူသည် ယခင်က မည်သည့်စာစောင်၊ ဂျာနယ်၊ သတင်းစာတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိရ။ စာမူနှင့်အတူ စာရေးသူ၏ ကိုယ်ရေးအကျဉ်းချုပ်၊ ပတ်စပို့စ်အရွယ် ဓာတ်ပုံနှစ်ပုံ၊ ဆက်သွယ်ရမည့် လိပ်စာအပြည့်အစုံ (ဖုန်းရှိပါက ဖော်ပြရန်) ပူးတွဲပေးပို့ရမည်။ စာမူပေးပို့ရမည့်လိပ်စာမှာ ကမ္ဘာ့မိုးလေဝသနေ့ကျင်းပရေးကော်မတီ၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ မရမ်းကုန်း စာတိုက်– ၁၁၀၆၁၊ ရန်ကုန်မြို့ ဖုန်း– ၀၁–၆၆၀၈၂၄၊ ၆၆၅၆၆၉ဖြစ်သည်။ ပြိုင်ပွဲဝင်စာမူများကို ၁၅–၃–၂၀၀၆ရက်အရောက် နောက်ဆုံးပေးပို့ရမည်။ ၁၅–၃–၂၀၀၆ရက်ကျော်လွန်မှ ရောက်ရှိသော စာမူများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။ ဆုရသူများ၏အမည်ကို ၂၀–၃–၂၀၀၆ရက်တွင် ထုတ်ပြန်ကြေညာမည်ဖြစ်ပြီး၊ ဆုများကို (၄၅)ကြိမ်မြောက် ကမ္ဘာ့မိုးလေဝသနေ့ဖြစ်သော ၂၃–၃– ၂၀၀၆ရက်တွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပမည့် ကမ္ဘာ့မိုးလေဝသနေ့ အခမ်းအနားတွင် ချီးမြှင့်မည်ဖြစ်သည်။

ထို့အပြင် ကမ္ဘာ့မိုးလေဝသနေ့အခမ်းအနားတွင် စာတမ်းဖတ်ပွဲ ပါဝင်မည်ဖြစ်ရာ စာတမ်းဖတ်ကြားလိုသော ပညာရှင်များအနေဖြင့်လည်း ဆက်သွယ်စာရင်းပေးသွင်းနိုင်မည်ဖြစ်ပါသည်။ စာတမ်းရှင်များအတွက် ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုလက်ဆောင်များ တုံ့ပြန်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ချစ်ကြည်ရေးခရီးလည်ပတ်ရန်ရောက်ရှိလာသည့် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုအား ပြည်သူ့လွှတ်တော် အဆောက်အအုံရှိ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

■ **ကျောဖုံးမှ**

ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာအင်န်ဟာဆန်ဝီရာယုဒ၊ အခြား အဆင့်မြင့်အရာရှိကြီးများနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဝီဆိုပရိဂျိုဝါစီတို တို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့်အဖွဲ့ဝင်များသည် ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ စာချုပ်ခန်းမ၌ကျင်းပသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံအစိုးရတို့အကြား နားလည်မှုစာချွန်လွှာ(MoU) လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုး

အစီအစဉ်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရကိုယ်စား နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ အစိုးရကိုယ်စား နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာအင်န်ဟာဆန်ဝီရာယုဒတို့က ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ အစိုးရတို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်တစ်ရပ် တည်ထောင်မှုနှင့် ပတ်သက်သော နားလည်မှုစာချွန်လွှာ (The Signing Ceremony of the Memorandum of Understanding between the Government of the Union of Myanmar and the Government of the Republic of Indonesia on the Establishment of a Joint Commission for Bilateral Cooperation)ကို လက်မှတ်ရေးထိုးကြပြီး စာချွန်လွှာကို အပြန်အလှန်လဲလှယ်ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့်အဖွဲ့ဝင်များ ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ စာချုပ်ခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ အစိုးရတို့အကြား နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်ကြစဉ်။ (သတင်းစဉ်)

ကံထူးရှင်များထွက်ပေါ်

ရန်ကုန် မတ် ၁

(၂၀၆)ကြိမ်မြောက် ကျပ်၁၀၀တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသည့် ဆုကြီးများမှာ အောက်ပါအတိုင်းဖြစ်သည်။

ကျပ်သိန်း၅၀၀အထူးဆု

ဘ-၆၅၂၄၉၇

ကျပ်သိန်း၃၀၀ဆုများ

ဈ – ၅၇၆၀၅၈ မ – ၃၆၆၁၄၂

ကျပ်သိန်း၂၀၀ဆုများ

ဍ – ၅၀၂၄၉၇ ဋ – ၇၅၇၂၉၈
ဏ – ၅၂၈၉၀၁ ဋ – ၄၆၅၂၈၅

ကျပ်သိန်း၁၀၀ဆုများ

က – ၉၆၈၈၄၄ မ – ၅၈၄၆၄၈
ပ – ၅၃၄၂၈၆ က –၄၈၀၁၀၈
ရ – ၉၇၁၆၁၃ င – ၈၈၈၆၄၇
ဖ – ၃၈၇၃၇၉ ဏ – ၉၃၇၁၆၇
င – ၆၈၆၁၅၇ ခ – ၂၆၆၂၆၇
ထ – ၉၈၉၆၆၂ စ – ၆၉၉၃၄၂

ကျပ်သိန်း၁၀၀(မင်္ဂလာစုံတွဲ)ဆုများ

ထ – ၆၈၄၈၁၅ ဍ – ၅၁၇၈၂၀
ဂ – ၅၄၇၇၈၂ မ – ၂၀၂၂၆၇
ဒ – ၆၄၀၇၉၄ ဍ – ၅၁၄၀၈၇
စ – ၅၃၅၇၁၀ ည – ၃၉၀၄၃၅
ဋ – ၄၂၃၆၇၆ ဂ – ၅၆၇၈၈၁
ဘ – ၆၇၇၅၄၈ ည – ၅၉၆၇၂၃
ဠ – ၉၁၂၇၅၁ ဏ – ၄၃၆၂၆၁
ပ –၈၆၆၆၇၅ **(သတင်းစဉ်)**

ယဉ်ကျေးမှုသင်တန်းနှင့်တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၁

ဖြူးဆရာတော်ဘဒ္ဒန္တနရပတိ(ဓမ္မကထိက ဗဟုဇနဟိတဓရ၊ သာသနဓဇ ဓမ္မာစရိယ၊ ပြည်တွင်းပြည်ပ မဟာစည်နာယက)ဦးဆောင်၍ မတ် ၂၅ရက်မှ ဧပြီ၈ရက်အထိ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းကိုလည်းကောင်း၊ ဧပြီ၁ရက်မှ ၂၁ရက်အထိ မဟာစည်သတိပဋ္ဌာန်ဝိပဿနာတရားစခန်းကိုလည်းကောင်း ရန်ကုန်မြို့ လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက်ရှိ ဓမ္မရက္ခိတဖြူးမဟာစည် သာသနာ့ရိပ်သာ၌ ဖွင့်လှစ်မည်ဖြစ်သည်။ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းသို့ တက်ရောက်လိုသူ ကျောင်းသားကျောင်းသူများ၊ တရားစခန်းဝင်လိုသူယောဂီများ စခန်းတွင်း ဆွမ်းစသည့် လှူဒါန်းလိုသူ အလှူရှင်များသည် ရိပ်သာ ဖုန်း–၅၃၀၀၆၈၊ ၅၀၁၈၄၆(လိုင်းခွဲ–၁၈၁)တို့သို့ ဆက်သွယ်စာရင်းပေးလှူဒါန်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂-၃-၂၀၀၆
(ကြာသပတေးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	ကွန်ချောင်းရေလှောင်တမံနှင့် နွေစပါး
၇း၂၀	ပြည်တွင်းသတင်းအကျဉ်း
၇း၃၀	တေးဂီတအစီအစဉ်
၇း၃၅	မြစ်ကိုမြင်လျှင် တံတားဆင်
၇း၅၀	တေးဂီတအစီအစဉ်
၇း၅၅	မြန်မာ့သိုင်းပညာသမိုင်းစဉ်
၈း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၂၀	ငရုတ်ကောင်းဥယျာဉ်
၈း၃၀	တေးဂီတအစီအစဉ်
၈း၃၅	ဗွီစီဒီမိတ်ဆက် (ချစ်အလွမ်းများ ငြိမ်းစေသတည်း)
၉း၀၀	မိုးလေဝသခန့်မှန်းချက်
၉း၀၅	ယွန်းထည်အတတ်ပညာ
၉း၃၀	ပြည်တွင်းသတင်းအကျဉ်း
၉း၄၀	ကျော်ကြားထင်ရှား အနုပညာပုလဲပန်းများ (အကယ်ဒမီခင်ယုမေ) (အပိုင်း–၄)
၁၀း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀	ယာဉ်မောင်းလိုင်စင်ရယူလိုလျှင်
၁၀း၂၅	တေးဂီတအစီအစဉ်
၁၀း၃၀	Art & Technology Talk (ဦးမြင့်မောင်ကျော်နှင့်တွေ့ဆုံခြင်း)
၁၁း၁၀	အန္တရာယ်ကင်းစေ ဘေးရှင်းစေ (လူမင်း၊ဟန်နီထွန်း)
၁၁း၂၅	တေးဂီတအစီအစဉ်
၁၁း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၅	မျိုးဆက်သစ် ပန်းချီဆရာလေး 'ဗင်းဆင့်မင်းလွင်'
၁၁း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

နှစ်နိုင်ငံအလံများ လွှင့်ထူ သောင်းသောင်းဖြဖြ ကြိုဆို

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိလာသည့် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ ဆူဆီလိုဘန်ဘန်းယူဒိုရိုနိုတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ဂုဏ်ပြုခန်းမဆောင် အလေးပြုခံစင်မြင့်၌ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။

(သတင်းစဉ်)

■ ရှေ့ဖုံးမှ

ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးခင်ဇော်ဝင်းနှင့်ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Wyoso Prodjowarsito နှင့် ဇနီးနှင့် သံရုံးအဖွဲ့ဝင်များနှင့် သံရုံးမိသားစုဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ခရီးဦးကြိုနှုတ်ဆက်

ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလို ဘန်ဘန်းယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့ ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား သယ်ဆောင်ပျံသန်းလာသည့် အထူးလေယာဉ်သည် မွန်းတည့် ၁၂ နာရီ မိနစ် ၄၀တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိလာရာ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်နှင့် ပြည်ထောင်စုမြန်မာ

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန်ရောက်ရှိလာသည့် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ ဆူဆီလိုဘန်ဘန်း ယူဒိုရိုနိုတို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ အင်ဒိုနီးရှား သမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ ဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် ဇနီး မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့အား ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့ အင်ဒိုနီးရှား သမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ ဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် ဇနီး မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့အား ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီး နှုတ်ဆက်

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး လည်ပတ်ရန်ရောက်ရှိလာသည့် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ ဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် ဇနီး မဒမ်ခရစ္စတီယာနီ ဟယ်ယာဝါတီတို့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Wyoso Prodjowarsitoတို့က အထူးလေယာဉ်ပေါ်သို့ တက်ရောက်၍ ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီ ဟယ်ယာဝါတီတို့အား ရှေးဦးစွာ ခရီးဦးကြို နှုတ်ဆက်ကြသည်။

ထို့နောက် ဧည့်သည်တော်အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီးဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီ ဟယ်ယာဝါတီတို့သည် အထူးလေယာဉ်ပေါ်မှ ဆင်းသက်လာကြရာ အမြောက် ၂၁ ချက်ပစ်ဖောက်၍ ဂုဏ်ပြုသည်။

ယင်းနောက် ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီ ဟယ်ယာဝါတီတို့အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့က အထူးလေယာဉ်လှေကားထိပ်တွင် ဆီးကြိုကာနှုတ်ဆက်ကြသည်။

ထို့အပြင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အတွင်း၌ အသင့်စောင့်ကြိုနေကြသော ကျောင်းသူကလေးများကလည်း နှစ်နိုင်ငံအလံငယ်များဝှေ့ယမ်း၍

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ ဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် ဇနီး မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့အား ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

လည်းကောင်း၊ နှစ်နိုင်ငံချစ်ကြည်ရေး ကြွေးကြော်သံများကို ကြွေးကြော်၍လည်းကောင်း သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

မိတ်ဆက်ပေး

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧည့်သည်တော်အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီးဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီ ဟယ်ယာဝါတီတို့အား မိမိနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် အဖွဲ့ဝင်များနှင့် တစ်ဦးချင်းမိတ်ဆက်ပေးသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များနှင့် ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ဂုဏ်ပြုခံခန်းမသို့ သွားရောက်ကြပြီး ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတကြီး ဒေါက်တာ ဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီးဒေါ်ခင်လေးသက်တို့ အင်ဒိုနီးရှား သမ္မတနိုင်ငံသမ္မတကြီး ဒေါက်တာ ဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် ဇနီး မဒမ်ခရစ္စတီယာနီ ဟယ်ယာဝါတီ တို့အားကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဗိုလ်ချုပ်မှူးကြီးသန်းရွှေတို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူရန်အတွက် အလေးပြုခံစင်မြင့်သို့သွားရောက်ကြကာ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက အင်ဒိုနီးရှားသမ္မတနိုင်ငံ အမျိုးသားသီချင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အမျိုးသားသီချင်းတို့ကို တီးမှုတ်သည်။

ဂုဏ်ပြုတပ်ဖွဲ့စစ်ဆေး

ဆက်လက်၍ ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေတို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ထို့နောက် ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုသည် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား မိမိနှင့် အတူလိုက်ပါလာကြသည့် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ပြန်လည်မိတ်ဆက်ပေးသည်။

ဆက်လက်၍ ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုသည် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသူများအား ရင်းရင်းနှီးနှီးထပ်မံနှုတ်ဆက်ကြသည်။

ပို့ဆောင်နှုတ်ဆက်

ယင်းနောက် ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ ဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီ ဟယ်ယာဝါတီတို့ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ခေတ္တတည်းခိုမည့် ဆီဒိုးနားဟိုတယ်သို့ ဆက်လက်ထွက်ခွာကြရာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။

ဂုဏ်ပြုကြိုဆို

ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ ဆူဆီလိုဘန်ဘန်း ယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီ ဟယ်ယာဝါတီ တို့နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာအင်န်ဟာဆန်ဝီရာယုဒနှင့် အခြားအဆင့်မြင့်အရာရှိကြီးများ လိုက်ပါလာကြသည်။

ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ ဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီ ဟယ်ယာဝါတီတို့ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ကြိုဆိုရာတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အဆောက်အအုံအဝင်ဝ၌ မုခ်ဦးပြာသာဒ်တည်ဆောက်ကာ နဖူးစည်းတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ ဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီ ဟယ်ယာဝါတီတို့အား လှိုက်လှဲစွာ ကြိုဆိုပါ၏ဟူသော စာတန်းကို မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့်လည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဝန်းကျင်၊ ပြည်သူ့ရင်ပြင်၊ ဦးထောင်ဗိုလ်အဝိုင်းနှင့် ဆီဒိုးနားဟိုတယ်တို့တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံအလံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အလံများလွှင့်ထူ၍လည်းကောင်း ဂုဏ်ပြုကြိုဆိုထားသည်။

(သတင်းစဉ်)

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကျောင်းသူကလေးများက နှစ်နိုင်ငံအလံငယ်များဝှေ့ယမ်း၍ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

မြန်မာ့ပညာလှေကား ရွှေသားနဲ့ထုဆစ်နေ

ရတနာစည်ဆရာတော်
(လှိုင်လင်)

(က)

"နတ္ထိ ပညာ သမာ အာဘာ" ဟူသည် မြတ်ဗုဒ္ဓ နှုတ်တော်ထွက် စကားဖြစ်၏။ "ပညာနှင့်တူသော အလင်းမရှိ" ဟူ၏။ နေတ္တိပါဠိတော် စာမျက်နှာ၁၆၀၌ လာရှိ၏။ ယင်းအပြင် လအလင်း၊ နေအလင်း၊ မီးအလင်းနှင့်ပညာအလင်း ဟူသော အလင်းလေးမျိုးတွင် ပညာအလင်းသည်သာ အမြင့်မားဆုံးဖြစ်ကြောင်းကိုလည်း အင်္ဂုတ္တရ ပါဠိတော် ပဘာသုတ်၊ အာလောကသုတ်၊ ဩဘာသသုတ်၊ ပဇ္ဇောတသုတ်များဖြင့် အကြိမ်ကြိမ် အကျော့ကျော့ ဟောထားတော်မူ၏။ ယင်းနည်းတူ တိုးတက်မှုအမျိုးမျိုးတို့တွင် ပညာတိုးတက်ခြင်းသည်သာ အမြတ်ဆုံး ဖြစ်ကြောင်းကိုလည်း ယင်းပါဠိတော် ဧကကနိပါတ် သတ္တမသုတ်၊ နဝမသုတ်၊ ဒသမသုတ်တို့ဖြင့် အထပ်ထပ် ဟောကြားထားတော်မူ၏။

ယင်းပညာသည် နာယူခြင်း၊ သင်ယူခြင်းဖြင့် ရရှိနိုင်သော သုတမယ ပညာ၊ နာယူ သင်ယူ၍ ရရှိသော သုတကို အခြေခံလျက် နက်နဲစွာတွေးခေါ် မြော်မြင်နိုင်သော စိန္တာမယပညာ၊ အမြင်မှန်၌ အဖန်ဖန်ထုံမွမ်းသော ဘာဝနာမယပညာဟု ပညာ သုံးဆင့်ရှိကြောင်း မြတ်ဗုဒ္ဓညွှန်ပြတော်မူ၏။

(နေတ္တိ၊ စာ၊ ၈)

(ခ)

ယင်းပညာသုံးဆင့်ကို နာယူ၊ သင်ယူ၊ တွေးမြင် ထုံမွမ်းရာ၌ ဝေဝါးခြင်း၊ လွင့်ပြယ်ခြင်း မဖြစ်မှုဘဲ ခိုင်မြဲတိကျနေစေဖို့ အက္ခရာစာတို့ဖြင့် သင်္ကေတ ပြုလာနိုင်သောကာလ၏ သည်မှာဘက်ဝယ် ယင်း အက္ခရာစာသည် ပညာ၏ ကိုယ်ပွားသဖွယ်ဖြစ်လာခဲ့ရာ ရှေးဘိုးဘေး မြန်မာတို့က "စာတစ်လုံး ဘုရားတစ်ဆူ" ဟုပင် စာကို မြတ်နိုးစွာ တန်ဖိုးထားခဲ့ကြလေ၏။

(ကော် အက္ခရံ ကော် ဗုဒ္ဓရူပံ)

"စာပေစကား နေ့တိုင်းကြားက ထူးခြားလိမ္မာ ရှိသည်သာတည်း" ဟုလည်း လက်ဆင့်ကမ်းခဲ့ကြ၏။ ထို့ကြောင့် မြန်မာတို့သည် ပညာကိုမြတ်နိုးစွာ တန်ဖိုးထားခဲ့ကြသည့်အလျောက် ပညာတတ်၊ စာတတ်ပုဂ္ဂိုလ်များ မြန်မာ့သမိုင်းတွင် ပြောမကုန်အောင် များပြားခဲ့ပါသည်။

ရှေးခေတ်မြန်မာ့ပညာရေးကို လေ့လာကြည့်သောအခါ ပုဂံခေတ် အရှင်အရဟံအနွယ်ဝင်ကျောင်းများ၊ အရှင်ဆပဒ အနွယ်ဝင်ကျောင်းများ၊ အရှင်ကဿပအနွယ်ဝင် ကျောင်းများသည် ပညာရည်နို့ သောက်စို့ရာ ပရိဝုဏ်ကြီးများဖြစ်ခဲ့သလို နောင်အင်းဝ ခေတ်စသည်တို့တွင် သိဃ်ုဝဠ္ဍ ရောက် မထေရ်ကြီးတို့၏ ဓမ္မသီးသန့် ပညာရေး၊ အောင်စည်းခံ သံဃရာဇာတို့၏ လောကီသီးသန့် ပညာရေးနှင့် အရှင်မဟာရဋ္ဌသာရ တို့၏ လောက၊ ဓမ္မ၊ ညီမျှသော ပညာရေးဟူ၍ ပညာလမ်းသုံးသွယ် တွေ့မြင်ရပါသည်။ ထို့ကြောင့် ခေတ်ကာလအလျောက် အိမ်နီးချင်း နိုင်ငံများအကြား၌ မြန်မာ့ပညာရည်သည် လဲ့လဲ့ကြည် လက်လက် လင်းခဲ့မည်မှာ စိုးစဉ်းမျှသံသယဖြစ်ဖွယ် မရှိပါ။

ယင်းမြန်မာ့ပညာ ဂုဏ်ရှိန်ကို သေးသိမ်သုန်မှုန်သွားအောင် မတရားအဓမ္မ နင်းချဖြိုပစ်သည့် ကိုလိုနီနယ်ချဲ့စနစ်ကြောင့် နွမ်းညစ် မှေးမှိန်ရသော နှစ်တစ်ရာကာလသည်သာလျှင် မြန်မာ့သန်းခေါင်ယံ အမှောင်ထန်ခရီး ဖြစ်ခဲ့ရ၏။

ကြည့်ပါ။ ပါတော်မူပြီးစ မြန်မာနိုင်ငံစာတတ်မြောက်မှုနှုန်းသည် အမျိုးသား၇၂ရာခိုင်နှုန်း၊ အမျိုးသမီး ၂၂ရာခိုင်နှုန်းရှိခဲ့သဖြင့် ထိုစဉ်က အိန္ဒိယနိုင်ငံထက် သုံးဆအထိသာလွန်ခဲ့သော်လည်း နယ်ချဲ့ခေတ် နှစ်တစ်ရာအတွင်း အဆ ၃၀ မျှ ကျဆင်းခဲ့ရပုံ။ **[၁၉၇၆ ဩဂုတ်၊ မြဝတီမဂ္ဂဇင်း၊ ခင်မောင်ကြည် (နတ်မောက်)ဆောင်းပါး]။**

ထပ်၍ကြည့်ပါ။ ပါတော်မူပြီးစ မြန်မာနိုင်ငံတစ်နိုင်ငံလုံး၌ ပညာရည်နို့ သောက်စို့ရာ ဘုန်းတော်ကြီးကျောင်းများ ၆၈၇၃ ကျောင်း ရှိနေသော်လည်း နယ်ချဲ့ခေတ်နှစ်တစ်ရာအတွင်း ၉၂၈ ကျောင်းအထိ လျော့နည်းကျဆင်းခဲ့ရပုံ။ **(၂၀၀၆ ဖေဖော်ဝါရီ မဏိဇောတ ဘာသာရေးမဂ္ဂဇင်း၊ မောင်မြင့်ထွန်း၏ ဆောင်းပါး)။**

ယင်းသို့ မြန်မာ့ပညာ အနုတ်လက္ခဏာပြခဲ့ရာဝယ် သုညအထိ ကား ကျဆင်းမသွားရခြင်း၌ ထောက်ပြရန်ရှိသည်ကတော့ ကိုယ့်မြန်မာ၊ ကိုယ့်ပညာ၊ ကိုယ့်စာပေအက္ခရာ၊ ကိုယ့်အစဉ်အလာကို ပထဗျာမြေ အောက်ရောက်မသွားအောင် တတ်အားသမျှ စောင့်ရှောက်ထိန်းသိမ်း ကာကွယ်ခဲ့ကြသော ရဟန်းသံဃာတော်များ စဉ်ဆက်မပြတ် တည်ရှိခဲ့ခြင်းပင် ဖြစ်၏။ ထိုရဟန်းတော်တို့က ကိုယ့်ဒါယကာ၊ ဒါယိကာမတို့၏ ရင်နှစ်သည်းချာ သားသမီးရတနာတို့ကို လိမ္မာမြဲ လိမ္မာနေစေရန်၊ ယဉ်ကျေးမြဲ ယဉ်ကျေးနေစေရန် အမျိုးသွေး၊ ဘာသာသွေး၊ ပညာသွေးတို့ကို သွေးပေးနိုင်ခဲ့သောကြောင့် နယ်ချဲ့ခေတ် နှစ်တစ်ရာမှာ ဘာသာသွေး အေးခဲမသွားသည့်အပြင် သွေးနှောမှု၊ သွေးရောမှုများ အလွန်နည်းပါးခဲ့ရုံသာမက အသိအလိမ္မာ စာတတ်မြောက်မှုနှုန်းပါ သုညအထိ ကျဆင်းမသွားခြင်း ဖြစ်၏။

ထိုမှ လွတ်လပ်ရေးပြန်လည်ရရှိလာပြီးနောက် မြန်မာ့ပညာကို ပြန်လည်မြှင့်တင်ခဲ့ကြရာဝယ် ယနေ့ကာလသည် မြန်မာ့ပညာ အမြင့်ဆုံးခရီးသို့ ရဟန်းရှင်လူ ပြည်သူအားလုံး အုန်းအုန်းဟည်း ချီတက်နေသောကာလ ဖြစ်လာလျက်ရှိ၏။

(ဂ)

"အလိမ္မာ စာမှာရှိဆိုသကဲ့သို့ အကောင်းနှင့်အဆိုး၊ အမှားနှင့်အမှန် ဝေဖန်ပိုင်းခြား ဆန်းစစ်နိုင်ရန်အတွက် ပြည်သူများ အသိပညာကြွယ်ဝစေရန် မိမိတို့ ကြိုးပမ်းဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

"တစ်နိုင်ငံလုံးရှိ ကျေးရွာခြောက်သောင်းကျော်တွင် အထက်တန်း၊ အလယ်တန်း၊ မူလတန်းလွန်နှင့် မူလတန်းကျောင်းပေါင်း လေးသောင်းကျော် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်၍ သုံးရွာ နှစ်ကျောင်းနှုန်း ရှိနေပြီး ဆရာ၊ ဆရာမ နှစ်သိန်းငါးသောင်းကျော်ခန့်ထားပေးပြီး ဖြစ်ကြောင်း"

အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်
(၂၈-၁-၂၀၀၆)စစ်မှုထမ်းဟောင်းစံပြရွာ
အထက ကျောင်းဆောင်သစ်ဖွင့်ပွဲ
ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း) လေးထောင့်ကန်။

(ဃ)

"ကျေးလက်နေပြည်သူလူထု၏ အသိပညာဗဟုသုတ တိုးပွားရေးအတွက် စာဖတ်သည့် အလေ့အထတိုးပွားစေပြီး စာပေဖတ်ရှုမှု လက်လှမ်းမီစေရန် နိုင်ငံတော်၏အား၊ ဒေသခံ ပြည်သူလူထုအားနှင့် စေတနာရှင် ပြည်သူလူထုအား တို့ဖြင့် ဆောင်ရွက် ပေးလျက်ရှိရာ၌ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့် တိုက်များဖွင့်လှစ်နိုင်ရေး ဦးစားပေးဆောင်ရွက်ပေးနေသည်ကို စာပေ ပညာရှင်ကြီးများ အသိပင် ဖြစ်ကြောင်း"

"တစ်နိုင်ငံလုံး ကျေးရွာပေါင်း ခြောက်သောင်းကျော်ရှိသည့် အနက် ကျေးရွာ စာကြည့်တိုက်ပေါင်း ၄၈၈၈၀ ကျော်ဖွင့်လှစ်နိုင်ခဲ့ပြီး ဖြစ်ကြောင်း၊ ၂၀၀၆ခုနှစ်အတွင်း ကျန်ရှိသည့်ကျေးရွာများ၌ ကျေးရွာ စာကြည့်တိုက်များ အပြီးအပိုင် ဖွင့်လှစ်ရန် စီမံဆောင်ရွက်လျက် ရှိကြောင်း"

"ယင်းသို့ ကျေးရွာတိုင်း စာကြည့်တိုက်ဖွင့်ပြီးပါက ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံသည် ကျေးရွာတိုင်းစာကြည့်တိုက်ရှိသည့် ပထမဦးဆုံးသော နိုင်ငံဖြစ် လာမည်ဖြစ်ကြောင်း"

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း
(၂၈-၁-၂၀၀၆) ဆရာဝန်တင်ရွှေ စာပေဆုချီးမြှင့်ပွဲ။

(င)

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်၏။ နိုင်ငံတိုင်းသည် ကမ္ဘာရွာ၌ ပညာနယ်နိမိတ်အားဖြင့် ရွာဦးမှာ နေရာယူနိုင်အောင် အပြင်းအထန် ကြိုးပမ်းနေကြသော ကာလဖြစ်၏။

သင်ကြားတတ်သူတို့က သင်ကြားပေးကြ၍ သင်ယူတတ်သူတို့က အစဉ်သင်ယူနေရန်မှာ ပညာခေတ် ပထမလှေကားထစ် ဖြစ်၏။ ယနေ့ ကာလ မြန်မာနိုင်ငံ၌ ကျောင်းနေအရွယ် ကလေးသူငယ်များအားလုံး ကျောင်းနေနိုင်မှုနှင့် သက်ကြီးအားလုံးစာတတ်မြောက်မှု နှုန်းမှာ ယခုအခါ ရာနှုန်းပြည့်လုနီးလာပြီ ဖြစ်၏။ ယင်းကဏ္ဍ၌ ပရိယတ္တိပညာရေးနှင့် ဘုန်းတော်ကြီးသင် ပညာရေးတို့ကလည်း အင်နှင့်အားနှင့် ပါဝင်လာ လျက်ရှိ၏။

ခေတ်အဆက်ဆက် မတည်ရှိခဲ့ဖူးသည့် ပရိယတ္တိဆိုင်ရာ သံဃာ တစ်ထောင်ကျော် နှစ်ထောင် သီတင်းသုံးသော စာသင်တိုက်ကြီးများ၊ သုံးထပ်ဆောင် လေးထပ်ဆောင် စာသင်တိုက်များ၊ ကျောင်းသား ရှင်သာမဏေ တစ်ထောင်ကျော် ပညာသင်ယူလျက်ရှိသော ဘုန်းတော်ကြီး သင် ပညာရေး ကျောင်းတိုက်ကြီးများ။

မန္တလေးမြို့ရှိ မစိုးရိမ်တိုက်သစ်၊ မဟာဂန္ဓာရုံ စသည်တို့ကို ဥပမာပြနိုင်ပါ၏။ ရန်ကုန်မြို့ရှိ နာဂလိုဏ်ဂူ ကလေးဝတောရ စာသင်တိုက်နှင့် ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းတိုက်ကြီးကို ထင်သာမြင်သာ ဥပမာညွှန်းနိုင်ပါ၏။ ယခု ၂၀၀၅-၂၀၀၆ ပညာသင်နှစ်၌ ယင်း နာဂလိုဏ်ဂူကလေးဝတောရ ဘုန်းတော်ကြီးသင် ပညာရေး ကျောင်းတိုက်ကြီးဝယ် ပညာရည်နို့ သောက်စို့နေကြသည့် ကျောင်းသား သာမဏေတို့မှာ တိုင်းအသီးသီးမှ ၃၈၉ ပါး၊ ပအိုးဝ် တိုင်းရင်းသား ၂၀၂ ပါး၊ ပလောင်တိုင်းရင်းသား ၁၇၉ ပါး၊ ရှမ်းတိုင်းရင်းသား အပါး ၁၄၀အပါအဝင် ကရင်၊ ကယား၊ ချင်း၊ ပဒေါင်၊ နာဂ၊ 'ဝ' စသော တိုင်းရင်းသား သာသနာဝင် ပညာသင်များ ၁၃၄၄ပါးရှိနေ၏။

ယင်းစာသင်တိုက်နှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတိုက်ကြီး ဝယ် စား၊ ဝတ်၊ နေ၊ ပညာ၊ ကျန်းမာဟူသော အရေးငါးရပ် ဖြည့်ဆည်းပေးနိုင်ရန် ကလေးသူငယ်များ ပညာရေးဖွံ့ဖြိုးရေးအသင်း ကြီးကို နာဂလိုဏ်ဂူကလေးဝ ဆရာတော် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတဒွိပိဋကရေ ဒွိပိဋကကောဝိဒ ဘဒ္ဒန္တဇာဂရာဘိဝံသ အရှင်မြတ်ဦးဆောင်လျက် ပြည်တွင်းပြည်ပစေတနာရှင်များ၏ သဒ္ဓါတရားတို့ဖြင့် ဖွဲ့စည်းထားရှိ နေလေပြီ။

ဤသည်ကား သင်ကြားပေးတတ်သူတို့က သင်ကြားပေး၍ သင်ယူတတ်သူတို့က သင်ယူကြသော ပညာလှေကား ပထမထစ်၏ ဥပမာတစ်ကွက်ဖြစ်၏။ ယင်းပညာလှေကား ပထမထစ်အပြင် ဟောကြားတတ်သူတို့က ဟောကြား၍ နာယူတတ်သူတို့က နာယူခြင်း ဟူသော ပညာလှေကား ဒုတိယထစ်နှင့် ကျင့်ပွားထုံမွမ်းခြင်းဟူသော ပညာလှေကား တတိယထစ်တို့သည်လည်း မြန်မာ့ပညာ့ဗိမာန်ဦးဝယ် ခံ့ညားစွာတည်ရှိနေပါလေ၏။ ယင်း၌ ဓမ္မကထိက၊ မဟာဓမ္မကထိက၊ ကမ္မဋ္ဌာနာစရိယ၊ မဟာကမ္မဋ္ဌာနာစရိယ ဆရာတော်များသည် သုတစိန္တာ ဘာဝနာဟူသည့် ပညာအလင်းတန်းကို လွှတ်တင်သူတို့ မည်ပါ ကုန်၏။

ယင်းအပြင် ရေးသားတတ်သူတို့က ရေးသား၍ ဖြန့်ချိတတ် သူတို့က ဖြန့်ချိကာ ဖတ်ရှုတတ်သူတို့က ဖတ်ရှုနေခြင်းသည်လည်း ပညာလှေကား၏ လှမ်းမဆုံး ပြင်ကျယ်ကြီးမည်ပါ၏။ တစ်နည်း အားဖြင့် ပညာ့ရင်ပြင်မည်ပါ၏။ ယင်း၌ နိုင်ငံတော်ပိုင်းက အမျိုးသား စာပေဆု၊ စာပေဗိမာန်စာမူဆု၊ နေ့ထူး နေ့မြတ်စာပေဆု (ဥပမာ- တပ်မတော်နေ့စာပေပြိုင်ပွဲဆု)တို့ကို ရေးသားတတ်သူတို့အား ချီးမြှင့် နေခြင်း၊ ပခုက္ကူဦးအုံးဖေစာပေဆု၊ သုတစွယ်စုံစာပေဆု၊ ဆရာဝန်တင်ရွှေ စာပေဆုစသည် ချီးမြှင့်နေခြင်းများသည် ပညာလှေကားကို ရွှေသားနဲ့ ထုဆစ်နေခြင်းမည်၏။

နိုင်ငံတော်အစိုးရက လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ပညာရေးဝန်ကြီးဌာန တစ်ခုတည်းကိုသာမက သာသနာရေး ဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက် ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်း ပညာဝန်ကြီးဌာန စသည်များကိုပါ ပေါင်းစပ်ဆောင်ရွက်စေကာ မြန်မာ့ပညာရည် လဲ့လဲ့ ကြည် လက်လက်လင်းအောင် အားတင်းမာန်ထား ကြိုးစား ဆောင်ရွက် လျက်ရှိ၏။ ပြန်ကြားရေးဝန်ကြီးဌာနကလည်း ရွာရှိလျှင် စာရှိရမည်ဟု ကြွေးကြော်သောအလား ၂၀၀၆ခုနှစ်အတွင်း ကျေးရွာတိုင်း၌ ကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက်များဖွင့်လှစ်ကာ 'ကမ္ဘာ့ပထမ ရွာတိုင်း စာကြည့် တိုက်ရှိ မြန်မာ' ဖြစ်လာအောင် အားသွန်ကြိုးပမ်းလျက်ရှိ၏။

သို့ဖြင့် မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာအရ သင်ကြားတတ်သူ၊ ဟောကြားတတ်သူ၊ ညွှန်ကြားတတ်သူ၊ ရေးသားတတ်သူ၊ ဖြန့်ချိ တတ်သူများနှင့် သင်ယူသူ၊ နာယူသူ၊ ကျင့်ဆောင်သူ၊ ဖတ်ရှုသူများက မြန်မာ့ပညာရည် ထွန်းလင်း တောက်ပနေအောင် မြန်မာ့ပညာလှေကားကို ရွှေသားနဲ့ထုဆစ်လျက် ရှိပါသတည်း။ ။

တိုက်ကြီးမြို့နယ် မဟာစည်တရားစခန်းဖွင့်ပွဲ

ရန်ကုန် မတ် ၁

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ဥက္ကံမြို့ဒေသ ကမ်းမြှောင်အုပ်စု သံပုရာခုံရွာ ကျောင်း၌ ၁၃၆၇ခုနှစ် တပေါင်းလဆန်း ၃ရက်မှစ၍ ၉ ရက်အထိ မဟာစည် ခုနစ်ရက်တရား စခန်းဖွင့်ပွဲကို မဟာစည်နာယက ဆရာတော်များ ဦးဆောင်၍ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဟောပြော ပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူ ယောဂီများ ကြိုတင်စာရင်း ပေးသွင်းရန်နှင့် လှူဒါန်းလိုသူများ သံပုရာခုံကျောင်း ဆရာတော် ဦးသေကထံတွင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဖေဖော်ဝါရီ ၁၇ရက် နံနက်က ဒဂုံမြို့နယ် ဘုရားကြီး ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးတွင် နယ်လှည့် စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံ ပြခန်းနှင့် ဟောပြောပွဲဖွင့်ပွဲကျင်းပရာ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ကိုနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်ကြည်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေဆိုင်ရာနှီးနှောဖလှယ်ပွဲဆက်ကျင်းပ ဆက်စပ်ဌာနများ၏အခန်းကဏ္ဍများ ဖတ်ကြားဆွေးနွေးတင်ပြ

ရန်ကုန် မတ် ၁

ပြည်ထဲရေးဝန်ကြီးဌာနနှင့် မဲခေါင်မြစ်ဝှမ်းဒေသအတွင်း လူကုန်ကူးခြင်းကို တိုက်ဖျက်သည့် ကုလသမဂ္ဂအစီအစဉ်တို့ပူးပေါင်းကျင်းပသည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေဆိုင်ရာ အမျိုးသားအဆင့်နှီးနှောဖလှယ်ပွဲကို ယနေ့ နံနက်ရနာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ဆက်လက်ကျင်းပသည်။ (အပေါ်ပုံ)

အဆိုပါ နှီးနှောဖလှယ်ပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ဒုတိယရှေ့နေချုပ်များဖြစ်ကြသော ဒေါက်တာထွန်းရှင်နှင့် ဦးမြင့်နိုင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်တွင်း ပြည်ပရှိ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ UNIAPမှ တာဝန်ရှိသူများ၊ စာတမ်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

နှုတ်ခွန်းဆက်စကား

နှီးနှောဖလှယ်ပွဲအစီအစဉ် တတိယပိုင်း လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေ အကောင်အထည်ဖော်ရာတွင် ဆက်စပ်ဌာနများ၏ အခန်းကဏ္ဍများနှင့် တာဝန်ရှိသူများကို ဆွေးနွေးတင်ပြခြင်း အစီအစဉ်ကို စတင်ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မြင့်က "လူကုန်ကူးခံရသူများကို ပြန်လည်လက်ခံခြင်း၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းပေးခြင်း၊ ပြန်လည်ထူထောင်ပေးခြင်း"ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခဒေါက်တာဒေါ်ခင်မာထွန်းက "အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများ၏ အခန်းကဏ္ဍ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ"ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးအေးဦးက "လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေကို အကောင်အထည်ဖော်ရာတွင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ ဆောင်ရွက်မှု" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြက "လူကုန်ကူးမှုတိုက်ဖျက်ရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၏ အခန်းကဏ္ဍ"ခေါင်းစဉ်ဖြင့် လည်းကောင်း၊ UNIAPမှ အမျိုးသားစီမံကိန်းညှိနှိုင်းရေးမှူး ဒေါက်တာအိကလျာမိုးက "လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ အကောင်အထည်ဖော်ရာတွင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရေး"ခေါင်းစဉ်ဖြင့်လည်းကောင်း ဖတ်ကြားဆွေးနွေးတင်ပြကြပြီး တက်ရောက်လာကြသူများက သိလိုသည်များကို ဆွေးနွေးမေးမြန်းကြရာ စာတမ်းရှင်များက ပြန်လည် ရှင်းလင်းဖြေကြားကြပြီး နှီးနှောဖလှယ်ပွဲကို ခေတ္တရပ်နားသည်။

ယင်းနောက် နှီးနှောဖလှယ်ပွဲအစီအစဉ် စတုတ္ထပိုင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေအားထိရောက်စွာ အကောင်အထည်ဖော်ရေးဆိုင်ရာအကြံပြုထောက်ခံချက်များ ဆွေးနွေးခြင်းအစီအစဉ်ကိုကျင်းပရာ သဘာပတိအဖြစ် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်ကဆောင်ရွက်ပြီး နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ပြန်လည်ဖြေကြား

ထို့နောက် ရှေ့နေချုပ်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးကျော်စိန်က "လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော်ရေးအတွက် ထည့်သွင်းစဉ်းစားရမည့်အချက်များ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ်ဝင်းမြိုင်က "လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားလုပ်ငန်းစီမံကိန်းအတွက် အကြံပြုချက်များ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Arcppt မှ Myanmar Country Programme Manager Mr. David Savage က "လူကုန်ကူးခံရသူအားခွဲခြားသတ်မှတ်ခြင်း" ခေါင်းစဉ်ဖြင့်လည်းကောင်း ဖတ်ကြားဆွေးနွေးတင်ပြကြပြီး တက်ရောက်လာကြသူများက သိလိုသည်များကို ဆွေးနွေးမေးမြန်းကြရာ စာတမ်းရှင်များက ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

ဆွေးနွေးအတည်ပြု

ယင်းနောက် သဘာပတိ ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်က နှီးနှောဖလှယ်ပွဲ၏ ရည်ရွယ်ချက်များ အကောင်အထည်ဖော်ရေး ရှေ့လုပ်ငန်းစဉ်များချမှတ်နိုင်ရန်အတွက် အကြံပြုချက်များကို ဆွေးနွေးပြီး အတည်ပြုကြသည်။

ထို့နောက် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက နိဂုံးချုပ် အမှာစကားပြောကြားပြီး နှီးနှောဖလှယ်ပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မဇ္ဈိမဂုဏ်ရည်ဆရာတော်တရားဟောကြားမည်

ရန်ကုန် မတ် ၁

သာကေတမြို့နယ် ပြည်ထောင်စု တိုင်းရင်းသားကျေးရွာအနီးရှိ မဇ္ဈိမဂုဏ်ရည မဟာစည်သာသနာ့ရိပ်သာကြီး၏ ပဓာနနာယက သာသနတက္ကသိုလဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တကောဝိဒအရှင်သူမြတ်သည် မတ်၂ရက်ညတွင် သဃ်န်းကျွန်းမြို့နယ်(၁၆)ရပ်ကွက် အသောကသီတဂူပရိယတ္တိစာသင်တိုက်ဓမ္မသဘင်၊ ၄ရက်ညတွင် ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်ဓမ္မသဘင်၊ ၅ရက်ညတွင် ဗဟန်းမြို့နယ် မင်္ဂလာဈေး ဓမ္မာရုံဓမ္မသဘင်၊ ၆ရက်ညတွင် သီလဝါဓမ္မသဘင်၊ ၇ရက်ညတွင် ကျောက်တန်းမြို့ ကျိုက်မှော်ဝန်းရေလည် စေတီဗုဒ္ဓပူဇနိယပွဲတော်ဓမ္မသဘင်၊ ၈ရက် ညတွင် စမ်းချောင်းမြို့နယ် မြေနီကုန်းဓမ္မာရုံ ဓမ္မသဘင်၊ ၉ရက်ညတွင် ညောင်တုန်းမြို့နယ် မယ်စိန်စုဓမ္မသဘင်၊ ၁၀ရက်ညတွင် သုံးခွမြို့ ခုနစ်နေ့ဆွမ်းလောင်းအသင်း စိန်ရတုပွဲဓမ္မသဘင်၊ ၁၁ရက်ညတွင် ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် လှရတနာကျောင်းရွှေစေတီဗုဒ္ဓပူဇနိယပွဲ ဓမ္မသဘင်များ၌ ညစဉ် ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ပခုက္ကူအသင်း(ရန်ကုန်) ဂုဏာပူဇာသဘင်ကျင်းပမည်

ရန်ကုန် မတ် ၁

ပခုက္ကူအသင်း(ရန်ကုန်)က ကြီးမှူး၍ ၂၀၀၆ခုနှစ် ဘွဲ့ထူး၊ ဂုဏ်ထူးများ ဆက်ကပ်ခြင်းခံရတော်မူသော ပခုက္ကူခရိုင်အတွင်းမှ သံဃာတော်အရှင်သူမြတ်များအား ဂုဏာပူဇာသဘင်ကို (၁၃၆၇ခုနှစ် တပေါင်းလပြည့်ကျော် ၁ရက်) မတ်၁၄ရက်(အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင် ပခုက္ကူဓမ္မာရုံကြီး၌ ကျင်းပမည်ဖြစ်သည်။

အလှူခံဌာနကို နံနက် ၁၀နာရီမှ ညနေ၄နာရီအထိ ပခုက္ကူဓမ္မာရုံကြီးနှင့် သိမ်ကြီးဈေး မဟာသိမ်တော်ကြီး ဂေါပကရုံးခန်းတွင် ဖွင့်လှစ်ထားမည်ဖြစ်သည်။ အလှူရှင်များသည် ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း ဖုန်း-၆၆၄၄၈၅၊ ဒုတိယဥက္ကဋ္ဌ ဦးသန်းမြင့် ဖုန်း-၆၄၂၂၄၅နှင့် အတွင်းရေးမှူး ဦးမျိုးဆန်း ဖုန်း-၃၈၆၈၆၄တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရသည်။

(၃၅၂)

လေပြင်းတိုက်ခတ်မည့် သတိပေးချက်ထုတ်ပြန်

ရန်ကုန် မတ် ၁

ပူပြင်းခြောက်သွေ့သော ယခုအချိန်မှစ၍ မေလခန့်အထိ မြန်မာနိုင်ငံအရပ်ရပ်တို့၌ နေ့အပူချိန်များ သိသိသာသာတိုးတက်လာမည်ဖြစ်ရာ မွန်းလွဲ၊ညနေပိုင်းတို့တွင် မိုးတိမ်တောင်များဖြစ်ပေါ်ရာမှ လေပြင်းများခေတ္တမျှ တိုက်ခတ်နိုင်သည်။ လေပြင်းများ တိုက်ခတ်စဉ် မြေပြင်လေသည် တစ်နာရီလျှင် မိုင်၄၀မှ မိုင်၅၀ခန့်အထိ တိုက်ခတ်နိုင်ပြီး အချို့နေရာများ၌ နေရာကွက်၍ မိုးကြီးခြင်းနှင့် မိုးသီးကြွေခြင်းများဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ဈေးကွက်များတွင် ရောင်းချနေသော အောက်ဖော်ပြပါဆေးဝါးများမှာ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်း(မရှိ)သော ဆေးဝါးများဖြစ်ပါကြောင်းနှင့် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများမှာ အရည်အသွေး အာမခံချက်မရှိပါကြောင်း အသိပေးအပ်ပါသည်။

စဉ်	ဆေးအမည်	ထုတ်လုပ်သည့် ကုမ္ပဏီအမည်	နိုင်ငံ
၁။	Diethylstilbestrol Injection	တရုတ်စာသားများဖြင့် ဖော်ပြထားပါသည်။	တရုတ်စာသားများဖြင့် ဖော်ပြထားပါသည်။
၂။	Dexamethasone Sodium Phosphate Injection 1ml;5mg	LINGRUI	တရုတ်စာသားများဖြင့် ဖော်ပြထားပါသည်။
၃။	Analgin Injection (0.5g of Analgin/2ml)	Shanghai Modern Hasen (Shangqiu)Pharmaceutical Co.,Ltd	P.R.C
၄။	Gentamycin Suifate Injection	Shan Feng	တရုတ်စာသားများဖြင့် ဖော်ပြထားပါသည်။
၅။	Analgin Injection 2ml;0.5g	Zhong Yuan	တရုတ်စာသားများဖြင့် ဖော်ပြထားပါသည်။

၂။ အများပြည်သူများသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်း မပြုကြရန်နှင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စူးစမ်းဝယ်ယူသုံးစွဲပါရန် နှိုးဆော်အပ်ပါသည်။

၃။ ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီ၊ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည်မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတုု၊စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရအရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ စည်းဝေး

ရန်ကုန် မတ် ၁

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ (၁၂၂)ကြိမ်မြောက် အစည်းအဝေးကို ဖေဖော်ဝါရီ ၂၇ရက်က ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က အဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ တွဲဖက်အတွင်းရေးမှူး ရန်ကုန်တိုင်း ရဲတပ်ဖွဲ့ ကြီးမှူးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်နိုင်က ၂၀၀၅ခုနှစ် ဒီဇင်ဘာလ၊ ၂၀၀၆ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလ၂၅ရက်အထိ ယာဉ်စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်ချက်များ ကြီးကြပ်မှုကော်မတီနှင့် ဆပ်ကော်မတီဝင်များ ပြင်ဆင်ဖွဲ့စည်းမှုအခြေအနေ၊ ပညာပေးဇာတ်လမ်းများရိုက်ကူးပြသမှု အခြေအနေများကို တင်ပြသည်။

ယင်းနောက် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး တိုင်းအထွေထွေအုပ်ချုပ်ရေးမှူး ဦးလှစိုးက ဆပ်ကော်မတီခြောက်ခုတို့၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသည့် တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများက ယာဉ်စည်းကမ်းကြီးကြပ်မှုကော်မတီ လုပ်ငန်းဆောင်ရွက်ခဲ့မှုများကို အသီးသီးအကြံပြုဆွေးနွေးကြရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။ **(သတင်းစဉ်)**

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ ဗဟိုအဖွဲ့၊ လုပ်ငန်းအဖွဲ့ဝင်များနှင့် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် အဆင့်ဆင့်သော လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့များဖွဲ့စည်း

ရန်ကုန် မတ် ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအဖွဲ့သည် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (က)အရ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဥက္ကဋ္ဌအဖြစ် ပါဝင်သော လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို ဖေဖော်ဝါရီ ၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၀၆ ဖြင့် ဖွဲ့စည်းခဲ့ပြီးဖြစ်သည်။

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့သည် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးလုပ်ငန်းအဖွဲ့၊ ဒုတိယရှေ့နေချုပ် ဦးဆောင်သော ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့ စသည့် လုပ်ငန်းအဖွဲ့သုံးဖွဲ့တို့ကို ဖေဖော်ဝါရီ ၂၇ ရက်စွဲဖြင့် အမိန့်ထုတ်ပြန်ဖွဲ့စည်းခဲ့သည်။

အလားတူ ပြည်နယ်နှင့်တိုင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့၊ ခရိုင်အဆင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့နှင့် မြို့နယ်အဆင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ စသည့် အဆင့်ဆင့်သောအဖွဲ့များကိုလည်း ဖေဖော်ဝါရီ ၂၇ ရက်တွင်ပင် ဖွဲ့စည်းထုတ်ပြန်ခဲ့သည်။

မြန်မာနိုင်ငံသည် လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းကို အရှိန်အဟုန်ဖြင့် တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အထက်ပါအတိုင်း ဗဟိုမှစ၍ မြို့နယ်အထိ အဆင့်ဆင့်သောအဖွဲ့များ ဖွဲ့စည်းခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန
လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့

အမိန့်အမှတ် ၃/၂၀၀၆

ရန်ကုန်မြို့၊ ၁၃၆၇ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်
(၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်)

လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းအဖွဲ့ ဖွဲ့စည်းရေး

လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့သည် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၇ အရ **"လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်း၍ ယင်းဥပဒေပုဒ်မ ၁၀ ပါ လုပ်ငန်းတာဝန်များကို အပ်နှင်းလိုက်သည်–

၁။	ဒုတိယဝန်ကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန	ဥက္ကဋ္ဌ
၂။	ညွှန်ကြားရေးမှူးချုပ် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန	အဖွဲ့ဝင်
၃။	ညွှန်ကြားရေးမှူးချုပ် ကျန်းမာရေးဦးစီးဌာန	,,
၄။	ညွှန်ကြားရေးမှူးချုပ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန	,,
၅။	ညွှန်ကြားရေးမှူးချုပ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	,,
၆။	ညွှန်ကြားရေးမှူးချုပ် မီးသတ်ဦးစီးဌာန	,,
၇။	ညွှန်ကြားရေးမှူးချုပ် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဦးစီးဌာန	,,
၈။	ကိုယ်စားလှယ်တစ်ဦး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်	,,
၉။	ကိုယ်စားလှယ်တစ်ဦး ရန်ကုန်တက္ကသိုလ်(စိတ်ပညာ)	,,
၁၀။	ကိုယ်စားလှယ်တစ်ဦး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန	,,
၁၁။	ကိုယ်စားလှယ်တစ်ဦး သာသနာရေးဦးစီးဌာန	,,
၁၂။	ကိုယ်စားလှယ်တစ်ဦး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန	,,
၁၃။	ကိုယ်စားလှယ်တစ်ဦး အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန	,,
၁၄။	ရဲဦးစီးအရာရှိချုပ် မြန်မာနိုင်ငံရဲတပ်ဖွဲ့	,,
၁၅။	ကိုယ်စားလှယ်တစ်ဦး မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို)	,,
၁၆။	ကိုယ်စားလှယ်တစ်ဦး မြန်မာနိုင်ငံကြက်ခြေနီအသင်း	,,
၁၇။	ညွှန်ကြားရေးမှူးချုပ် လူမှုဝန်ထမ်းဦးစီးဌာန	အတွင်းရေးမှူး
၁၈။	ညွှန်ကြားရေးမှူး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန	တွဲဖက်အတွင်းရေးမှူး

ဥက္ကဋ္ဌ
(ဗိုလ်ချုပ်မောင်ဦး)

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန
လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့

အမိန့်အမှတ် ၄/၂၀၀၆

ရန်ကုန်မြို့၊ ၁၃၆၇ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်
(၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်)

ပြည်နယ်/တိုင်း လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့သည် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၆(ဂ)အရ **"ပြည်နယ်/တိုင်း လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့"** ကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

၁။	ပြည်နယ်/တိုင်း အုပ်ချုပ်ရေးမှူး	ဥက္ကဋ္ဌ
၂။	ပြည်နယ်/တိုင်း ရဲတပ်ဖွဲ့မှူး	ဒုတိယဥက္ကဋ္ဌ
၃။	ပြည်နယ်/တိုင်း တရားသူကြီး	အဖွဲ့ဝင်
၄။	ပြည်နယ်/တိုင်း ဥပဒေအရာရှိ	အဖွဲ့ဝင်
၅။	ပြည်နယ်/တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနမှူး	အဖွဲ့ဝင်
၆။	ပြည်နယ်/တိုင်း လူမှုဝန်ထမ်းဦးစီးမှူး	အဖွဲ့ဝင်
၇။	ပြည်နယ်/တိုင်း အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနမှူး	အဖွဲ့ဝင်
၈။	ပြည်နယ်/တိုင်း ပညာရေးမှူး	အဖွဲ့ဝင်
၉။	ပြည်နယ်/တိုင်း ကျန်းမာရေးဦးစီးမှူး	အဖွဲ့ဝင်
၁၀။	ညွှန်ကြားရေးမှူး ပြည်နယ်/တိုင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန	အဖွဲ့ဝင်
၁၁။	ပြည်နယ်/တိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး	အဖွဲ့ဝင်
၁၂။	အတွင်းရေးမှူး၊ ပြည်နယ်/တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း	အဖွဲ့ဝင်
၁၃။	ဥက္ကဋ္ဌ၊ ပြည်နယ်/တိုင်း အမျိုးသမီးရေးရာအဖွဲ့	အဖွဲ့ဝင်
၁၄။	တွဲဖက်အတွင်းရေးမှူး၊ ပြည်နယ်/တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့	အဖွဲ့ဝင်
၁၅။	ဒုတိယ ပြည်နယ်/တိုင်း ရဲတပ်ဖွဲ့မှူး (သို့) ရဲမှူး(ဦးစီး)	အတွင်းရေးမှူး

ဥက္ကဋ္ဌ (ကိုယ်စား)
(ရဲမှူးချုပ်ဝင်းမြိုင်၊ တွဲဖက်အတွင်းရေးမှူး)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန
လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့

အမိန့်အမှတ် ၅/၂၀၀၆

ရန်ကုန်မြို့၊ ၁၃၆၇ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်
(၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ၂၇ ရက်)

ခရိုင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့သည် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၆(ဂ)အရ **"ခရိုင်လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

၁။	ခရိုင်အုပ်ချုပ်ရေးမှူး	ဥက္ကဋ္ဌ
၂။	ခရိုင်ရဲတပ်ဖွဲ့မှူး	ဒုတိယဥက္ကဋ္ဌ
၃။	ခရိုင်တရားသူကြီး	အဖွဲ့ဝင်
၄။	ခရိုင်ဥပဒေအရာရှိ	အဖွဲ့ဝင်
၅။	ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး	အဖွဲ့ဝင်
၆။	ခရိုင်မီးသတ်ဦးစီးဌာနမှူး	အဖွဲ့ဝင်
၇။	ခရိုင်အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှူး	အဖွဲ့ဝင်
၈။	ခရိုင်ပညာရေးမှူး	အဖွဲ့ဝင်
၉။	ခရိုင်ကျန်းမာရေးဦးစီးမှူး	အဖွဲ့ဝင်
၁၀။	ခရိုင်နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး	အဖွဲ့ဝင်
၁၁။	ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး	အဖွဲ့ဝင်
၁၂။	ဥက္ကဋ္ဌ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့	အဖွဲ့ဝင်
၁၃။	ဥက္ကဋ္ဌ၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့	အဖွဲ့ဝင်
၁၄။	အတွင်းရေးမှူး၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း	အဖွဲ့ဝင်
၁၅။	ရဲမှူး(ဦးစီး)သို့မဟုတ် ဒုရဲမှူး(ဦးစီး)ခရိုင်ရဲတပ်ဖွဲ့	အတွင်းရေးမှူး

ဥက္ကဋ္ဌ (ကိုယ်စား)
(ရဲမှူးချုပ်ဝင်းမြိုင်၊ တွဲဖက်အတွင်းရေးမှူး)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန
လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့

အမိန့်အမှတ် ၆/၂၀၀၆

ရန်ကုန်မြို့ ၁၃၆၇ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်
(၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်)

မြို့နယ် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့သည် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၆(ဂ)အရ **"မြို့နယ်လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

၁။	မြို့နယ် အုပ်ချုပ်ရေးမှူး	ဥက္ကဋ္ဌ
၂။	မြို့နယ်ရဲတပ်ဖွဲ့မှူး	ဒုတိယဥက္ကဋ္ဌ
၃။	မြို့နယ်တရားသူကြီး	အဖွဲ့ဝင်
၄။	မြို့နယ်ဥပဒေအရာရှိ	အဖွဲ့ဝင်
၅။	မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး	အဖွဲ့ဝင်
၆။	မြို့နယ် မီးသတ်ဦးစီးဌာနမှူး	အဖွဲ့ဝင်
၇။	မြို့နယ် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှူး	အဖွဲ့ဝင်
၈။	မြို့နယ်ပညာရေးမှူး	အဖွဲ့ဝင်
၉။	မြို့နယ် ကျန်းမာရေးဦးစီးမှူး	အဖွဲ့ဝင်
၁၀။	မြို့နယ် နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး	အဖွဲ့ဝင်
၁၁။	မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး	အဖွဲ့ဝင်
၁၂။	ဥက္ကဋ္ဌ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့	အဖွဲ့ဝင်
၁၃။	ဥက္ကဋ္ဌ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့	အဖွဲ့ဝင်
၁၄။	အတွင်းရေးမှူး၊ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း	အဖွဲ့ဝင်
၁၅။	ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး(သို့မဟုတ်)ရဲစခန်းမှူး	အတွင်းရေးမှူး

ဥက္ကဋ္ဌ (ကိုယ်စား)
(ရဲမှူးချုပ်ဝင်းမြိုင်၊ တွဲဖက်အတွင်းရေးမှူး)

ကွယ်လွန်သူ ဒေါ်သောင်းရီအားရည်စူး၍ တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်းနေ ကျန်ရစ်သူမိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေး၊ ငွေပဒေသာပင် အလှူငွေကျပ် ခုနစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုကြီး (အငြိမ်းစားသံအမတ်ကြီး)က လက်ခံယူစဉ်။ (က–ပ)

ဖေဖော်ဝါရီ ၂၆ရက်က ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်) နှစ်(၅၀)ပြည့် ရွှေရတုပွဲနှင့် (၂၅)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးတွင် ရန်ကုန်မြို့မှ ခြောက်ဘာသာဂုဏ်ထူးရှင် တစ်နိုင်ငံလုံး အဆင့် (၁၀)ဝင် မအိရွှေစင်မွန်အား အသင်းဥက္ကဋ္ဌ ဦးဘဝင်းက ဆုချီးမြှင့်ပေးအပ်စဉ်။ (က–ပ)

ကမ္ဘာတစ်လွှား အားကစား

ကမ္ဘာ့ဖလား ပြန်ရရှိအောင်ယှဉ်ပြိုင်မည် ပြင်သစ်တိုက်စစ်မှူး ဇီဒန်းပြောကြား

စုစည်းတင်ပြသူ
သတင်းထောက်-မြင့်စိုး

ပါရီ မတ် ၁

ဂျာမနီနိုင်ငံတွင်ကျင်းပမည့် ၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ပြင်သစ်အသင်းအနေဖြင့် ကမ္ဘာ့ဖလားကို ပြန်လည်ရရှိအောင် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ပြင်သစ်အသင်း ကစားသမား ဇီနက်ဒင်းဇီဒန်းက ဆော်ဩပြောကြားလိုက်သည်။

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲသည် အကြီးမြတ်ဆုံးသော ပြိုင်ပွဲ တစ်ရပ်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ကမ္ဘာ့ဖလားကို အနိုင်ရရှိရေးအတွက် ဂျာမနီသို့ သွားရောက်တော့မည်ဖြစ်ကြောင်း ဇီဒန်း၏ပြောကြားချက်ကို ပြင်သစ်နေ့စဉ် အားကစားသတင်းစာက ဖော်ပြသည်။

ချစ်ကြည်ရေးပွဲ

ပြင်သစ်အသင်းနှင့် ဆလိုဗက်ကီးယားအသင်းတို့ နိုင်ငံတကာ ချစ်ကြည်ရေးပွဲမကစားမီ ဇီဒန်းက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

ကြိုးစားမည်

မိမိသည် ယခု အသက် (၃၃)နှစ်ရှိပြီဖြစ်ကြောင်း၊ အသက်(၃၄)နှစ်တွင် ဂျာမနီနိုင်ငံ၌ လွန်ခဲ့သောလေးနှစ်က ဆုံးရှုံးသွားသော ကမ္ဘာ့ဖလားကို ပြန်ယူရန် ရောက်ရှိနေလိမ့်မည်ဖြစ်ကြောင်း၊ ဖလားရရှိရေးအတွက် အပြင်းအထန် ကြိုးစားကစားသွားမည် ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ပြင်သစ်အသင်းသည် အဓိက ပြိုင်ဘက် ဘရာဇီးအသင်းကို နိုင်ခဲ့လျှင် ကမ္ဘာ့ဖလားကို ရရှိရန် လုံလောက်သောအရည်အချင်းများရှိသည့်အသင်းဖြစ်ကြောင်း ဇီဒန်းက ယုံကြည်ထားသည်။

ပြင်သစ်ကွင်းလယ်ကစားသမား ဇီဒန်း။
(ဓာတ်ပုံ-အင်တာနက်)



ယှဉ်ပြိုင်မည်

၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ပြင်သစ်အသင်းသည် အုပ်စု(ဆ)၌ပါဝင်ပြီး ဆွစ်ဇာလန်၊ တောင်ကိုရီးယား၊ တိုဂိုအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **(အင်တာနက်)**

တိုက်ဂါးမြန်မာ အပျော်တမ်းတံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ မတ် ၇ရက်မှ ၁၀ ရက်အထိ ရန်ကုန်ဂေါက်ကွင်း၌ကျင်းပမည်

ရန်ကုန် မတ် ၁

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ Myanmar Brewery Ltd. က အဓိက ကူညီပံ့ပိုးသော ၂၀၀၆ခုနှစ် တိုက်ဂါးမြန်မာ အပျော်တမ်းတံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ (Tiger Myanmar Amateur Open 2006) ကို မတ် ၇ရက်မှ ၁၀ရက်အထိ ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကွင်း(တညင်းကုန်း)၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင်အပျော်တမ်းအဆင့်အကျောပေး(Amateur Handicap-0-12) အထိရှိသူများပါဝင်ယှဉ်ပြိုင်နိုင်သည်။

တာဝန်ယူဆောင်ရွက်

အဆိုပါ ပြိုင်ပွဲသို့ပါဝင်ယှဉ်ပြိုင်ကြမည့် မြန်မာအပျော်တမ်းဂေါက်သီးရိုက်အားကစားသမားများသည် မတ် ၅ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ ဖုန်း-၀၉-၈၉-၇၂၅၅၄နှင့် ၅၄၂၈၈၉ တို့သို့ အမည်စာရင်းပေးသွင်းနိုင်သည်။

၂၀၀၆ခုနှစ် Tiger Myanmar Amateur Open တံခွန်စိုက်ဂေါက်သီးရိုက် အားကစားသမားများအား ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ကြမည်ဖြစ်ပြီး ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် Organized by Han Event Management က တာဝန်ယူ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာလိဂ်အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ လယ်ယာထွက်ကုန်နှင့်တံခွန်အသင်းတို့ အနိုင်ရရှိ

ရန်ကုန် မတ် ၁

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၅-၂၀၀၆ခုနှစ် ဘောလုံးရာသီမြန်မာလိဂ် အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၃ နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ တံခွန်အသင်းက ရထားပို့ဆောင်ရေးအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ပထမတန်းသို့ မဆင်းရရေးအတွက် အမှတ်လိုနေသော ရထားပို့ဆောင်ရေးအသင်းသည် အနိုင်ရရှိရေးအတွက် ရေကုန်ရေခန်း ယှဉ်ပြိုင်ကစားရာ ပထမပိုင်း၌ ဦးဆောင်ဂိုးသွင်းယူနိုင်သော်လည်း ဒုတိယပိုင်း၌ လေးဂိုး ပြန်ပေးရပြီး ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ရထားပို့ဆောင်ရေးအသင်းအတွက် ဦးဆောင်ဂိုးကို ပွဲချိန် ၃၄ မိနစ်တွင် စိုးကိုကိုထွန်းက သွင်းယူပေးသည်။

သွင်းယူပေး

တံခွန်အသင်းအတွက် ပထမဂိုးနှင့် စတုတ္ထဂိုးကို ပွဲချိန် ၅၂ မိနစ်နှင့် ၈၄မိနစ်တို့တွင် အောင်မိုးကလည်းကောင်း၊ ဒုတိယဂိုးနှင့် တတိယဂိုးကို ပွဲချိန် ၇၃ မိနစ်နှင့် မိနစ် ၈၀ တွင် သူရိန်စိုးကလည်းကောင်း သွင်းယူပေးသည်။ ရထားပို့ဆောင်ရေးအသင်းအတွက် ဒုတိယဂိုးကို လေလွင့်ချိန်များအတွက် အစားဖြည့်ပေးသည့် အချိန်ပို နှစ်မိနစ်တွင် ပယ်နယ်တီ ပြစ်ဒဏ်ဘောမှတစ်ဆင့် ဘိုဘိုဖြိုးက သွင်းယူပေးသည်။

ယနေ့ပွဲစဉ်များအပြီးတွင် တံခွန်အသင်းက ၁၃ ပွဲကစား ၂၄မှတ်ဖြင့် အဆင့် ၄၌ လည်းကောင်း၊ ရထားပို့ဆောင်ရေးအသင်းက ၁၃ ပွဲကစား ၁၀မှတ်ဖြင့်အဆင့် ၁၄၌လည်းကောင်း ရပ်တည်လျက်ရှိသည်။

လယ်ယာထွက်ကုန်နိုင်

လူငယ်အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ လယ်ယာထွက်ကုန်အသင်းနှင့် တပ်မတော်(ကြည်း)အသင်းတို့ ယှဉ်ပြိုင်ကစားရာ လယ်ယာထွက်ကုန်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ လက်ယာထွက်ကုန်အသင်းအတွက် အနိုင်ဂိုးနှစ်ဂိုးကို ပထမပိုင်းတွင် ဇော်ဇော်အောင်က သွင်းယူပေးသည်။

ရပ်တည်

ယနေ့ပွဲစဉ်များ အပြီးတွင် လယ်ယာထွက်ကုန်အသင်းက ၁၃ပွဲကစား ၁၂မှတ်ဖြင့် အဆင့်၁၄၌လည်းကောင်း၊ တပ်မတော်(ကြည်း)အသင်းက ၁၃ပွဲကစား အမှတ်မရသေးဘဲ အဆင့်၁၆၌လည်းကောင်း ရပ်တည်လျက်ရှိသည်။

ယနေ့ပွဲမရှိ

မတ် ၂ရက် **(ယနေ့)** ညနေတွင် ပွဲမရှိဘဲ မတ် ၃ရက် ညနေ ၃ နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ စွမ်းအင်အသင်းနှင့် လယ်ယာ/ဆည်မြောင်းအသင်း လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ပြည်ထဲရေးအသင်းနှင့်ကမ္ဘောဇအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ဆောင်းရာသီ အိုလံပစ်အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆွတ်ခူးရရှိသွားသော ဂျပန်နိုင်ငံမှ စကိတ်ချန်ပီယံ ရှီဇုကာအရာကာဝါအား တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

၂၀၀၆ ဆောင်းရာသီ အားကစားပြိုင်ပွဲ ဂျာမနီနိုင်ငံက ဆုတံဆိပ် အများဆုံးဆွတ်ခူး

တူရင်(အီတလီ) ဖေဖော်ဝါရီ ၂၈

၂၀၀၆ခုနှစ် ဆောင်းရာသီ အိုလံပစ်အားကစားပြိုင်ပွဲများကို အီတလီနိုင်ငံ၌ ဖေဖော်ဝါရီ၂၆ ရက်က ကျင်းပပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆောင်းရာသီအိုလံပစ် အားကစားပြိုင်ပွဲများအပြီး ဂျာမနီနိုင်ငံက ဆုတံဆိပ်အများဆုံး ဆွတ်ခူးနိုင်ခဲ့သည်။ ဂျာမနီအားကစားအဖွဲ့သည် အဆိုပါပြိုင်ပွဲ၌ ရွှေတံဆိပ် ၁၁ခုအပါအဝင် ဆုတံဆိပ် ၂၉ ခု ဆွတ်ခူးနိုင်ခဲ့သည်။

အမေရိကန်က ရွှေတံဆိပ်ကိုးခု အပါအဝင်ဆုတံဆိပ် ၂၅ ခု ဆွတ်ခူးနိုင်ခဲ့ကာ ဒုတိယလိုက်နိုင်ခဲ့သည်။ ဩစတြီးယားနိုင်ငံက တတိယလိုက်ပြီး အိမ်ရှင် အီတလီက နဝမသာ လိုက်နိုင်ခဲ့သည်။

နဝမသာလိုက်နိုင်ခဲ့

ဂျာမနီနိုင်ငံအတွက် ရွှေတံဆိပ်များရရှိရာတွင် မိုက်ကယ်ဂရင်းအစ်တစ်ဦးတည်းကပင် ရွှေတံဆိပ်သုံးခုဆွတ်ခူးပေးနိုင်ခဲ့သည်။ ၂၀၁၀ပြည့်နှစ်တွင် ဆောင်းရာသီ အိုလံပစ် အားကစားပြိုင်ပွဲအိမ်ရှင်အဖြစ် ကျင်းပမည့် ကနေဒါနိုင်ငံက ရွှေတံဆိပ်ခုနစ်ခု အပါအဝင် ဆုတံဆိပ် ၂၄ခု ဆွတ်ခူးနိုင်ခဲ့သည်။

ယင်းဆောင်းရာသီအိုလံပစ် အားကစားပြိုင်ပွဲတွင် ဩစတြီးယား၊ ဆွီဒင်၊ တရုတ်၊ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့လည်း အကောင်းဆုံးယှဉ်ပြိုင်ကစားခဲ့နိုင်ကြောင်း သိရသည်။ **(အင်တာနက်)**

မြန်မာအမျိုးသမီး ဘောလုံးဒိုင်လူကြီးသုံးဦး အာရှခြေစစ်ပွဲ တာဝန်ထမ်းဆောင်ရန်ထွက်ခွာ

ရန်ကုန် မတ် ၁

၂၀၀၆ ခုနှစ် အသက် ၁၉ နှစ်အောက် အာရှအမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု(က) ခြေစစ်ပွဲစဉ်များကို မတ် ၁ ရက်မှ ၅ရက်အထိ တရုတ်(တိုင်ပေ)၌ ကျင်းပမည်ဖြစ်ရာ ဒိုင်လူကြီး တာဝန်ထမ်းဆောင်ရန်အတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ အပြည်ပြည်ဆိုင်ရာ အမျိုးသမီး ဘောလုံးဒိုင်လူကြီးများဖြစ်ကြသော ဒေါ်အေးအေးမူ(ရထားပို့ဆောင်ရေး)၊ ဒေါ်စန်းစန်းမြင့်(ပြည်ထဲရေး)နှင့် ဒေါ်အေးအေးမော် (ပြည်ထဲရေး) တို့သည် ဖေဖော်ဝါရီ ၂၈ရက် နံနက်၁၀နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဆရာစံတောင်(စံပြ)ရပ်ကွက် မလွန်ဆန်လှူတရားပွဲ

ရန်ကုန် မတ် ၁

ဗဟန်းမြို့နယ် ဆရာစံတောင် (စံပြ)ရပ်ကွက်လုံးဆိုင်ရာ မလွန်ဆန်လှူအသင်းထောက်အဖွဲ့ကြီး၏ အကြိမ်(၃၀)မြောက် ဆန်အလှူရေစက်ချ ဓမ္မသဘင်ပူဇော်ပွဲကို မတ် ၃ရက်မှ ၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ဆရာစံတောင်(စံပြ)ရပ်ကွက် မဟာမြင်းမိုရ်လမ်းတွင် ညစဉ် မတ် ၃ ရက်နှင့် ၄ ရက်၌ အရှင်အာစာရာလင်္ကာရ စစ်ကိုင်း ရွှေဟသ်ာဆရာတော်၊ ၅ရက်တွင် အရှင်ဆေကိန္ဒ(ဓမ္မဒူတ) ဗဟုဇနဟိတရေ သာသနဇ ဓမ္မာစရိယ ဆရာတော်၊ ၆ ရက်တွင် အရှင်ကောသလ္လဓမ္မစေတီဆရာတော်၊ ၇ ရက်တွင် အရှင်ခေမာသီရိလင်္ကာရ (ရွှေပြည်ဟိန်း) ဆရာတော်၊ ၈ ရက်တွင် အရှင်သုန္ဒရ (စွန်းလွန်းဂူဝိပဿနာ)တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များက ည ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူကြမည်ဟု သိရသည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၂-၃-၂၀၀၆ရက် (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၀၅ ၆။ အဆိုပြိုင်ပွဲ
- ၈:၁၅ ၇။ အကပဒေသာ
- ၈:၂၅ ၈။ အတီးပြိုင်ပွဲ
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Let's Go

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ဆုရတေးများ
- ၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(ရူပဗေဒအထူးပြု) [ရူပဗေဒ]
- ၁၇:၀၀ ၅။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၁၇:၁၅ ၆။ အဆိုပြိုင်ပွဲ
- ၁၇:၂၀ ၇။ **"သူငယ်ချင်းမရှိတဲ့ဥပဒေ"** မင်းဝေ၊ ခင်ဇာခြည်ကျော်၊ ဧကရီကျော်ကျော် (ဒါရိုက်တာ-မောင်ယဉ်ကျော်)
- ၁၇:၂၅ ၈။ လက်ဆင့်ကမ်းပေး ဂီတတေး
- ၁၇:၃၀ ၉။ တေးဂီတအစီအစဉ်
- ၁၇:၄၅ ၁၀။ နိုင်ငံ့အဝန်းသစ်တောစွမ်းဖြင့်စိမ်းလန်းစေရမည်
- ၁၈:၀၀ ၁၁။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၃။ အရေးပြိုင်ပွဲ
- ၁၈:၄၅ ၁၄။ (၆၁)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ်
- ၁၈:၅၅ ၁၅။ အာဂယောကျ်ား မြန်မာပြည်ပတ်၍ စက်ဘီးစီးတဲ့လူသားများ
- ၁၉:၀၅ ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ရောင်စဉ်မေတ္တာ"** (အပိုင်း-၉)
- ၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နှင်းဆီအိပ်မက်"** (အပိုင်း-၁၁)

တိမ်ဖြစ်ထွန်းမည်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မြိတ်မြို့နယ် ရွှေဒူးရော်ဘာခြံ၌ ခြံစည်းရိုးကြက်ဆူပင်ပျိုးထောင်

မြိတ် ဖေဖော်ဝါရီ ၂၄

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေသည် တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၈ နာရီက မြိတ်မြို့နယ် ရွှေဒူးရော်ဘာခြံတွင် ကျင်းပသော ခြံစည်းရိုး ကြက်ဆူပင်စုပေါင်းပျိုးထောင်ပွဲ အခမ်းအနားသို့ တက်ရောက် အားပေးသည်။

အခမ်းအနားတွင် တနင်္သာရီတိုင်း မြန်မာ့နှစ်ရှည်ပင် လုပ်ငန်း တိုင်းမန်နေဂျာ ဦးခွန်ရွှေသင်းက ခြံစည်းရိုး ကြက်ဆူပင် ပျိုးထောင်ခြင်းလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်း တင်ပြရာ တိုင်းမှူးက တနင်္သာရီတိုင်း အတွင်း ခြံစည်းရိုး ကြက်ဆူစေ ငါးသိန်းပြည့်မီအောင် စိုက်ပျိုးရေး မှာကြားသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ပျိုးဥယျာဉ်အတွင်း ကြက်ဆူမျိုးစေ့များကို ကိုယ်တိုင် စိုက်ပျိုးပေးကြရာ(အပေါ်ပုံ)ခြံစည်းရိုးကြက်ဆူမျိုးစေ့ ၃၀၀၀၀ ကိုစုပေါင်းပျိုးထောင်ပေးပြီး လိုအပ်သည်များ ဖြည့်ဆည်း မှာကြားကြောင်း သိရသည်။ (တိုင်း ပြန်/ဆက်)



စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၈ ရက်က မကွေးမြို့ ယင်းမတော ကျေးရွာ အလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၌ ကျင်းပရာမြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းတိုးက သုတ၊ ရသ စာအုပ် ၂၀၀ကို စာကြည့်တိုက် ကြီးကြပ်မှုကော်မတီ နာယကဆရာတော် ဘဒ္ဒန္တ တိလောကထံ ဆက်ကပ်လှူဒါန်းစဉ်။ (မြို့နယ် ပြန်/ဆက်)

မြေယာရှင်းအလှ

လပွတ္တာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော အမှတ်(၅) ရပ်ကွက် မြို့ပတ်လည်ဆုံ ဘုရင့်နောင်ဧည့်ရိပ်သာရှေ့တွင် မြေယာရှင်းအလှ ဆောင်ရွက်မှုကို ဇန်နဝါရီ ၂၈ ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ကိုနှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

မောင်တောမြို့၌ ကျန်းမာရေးပညာပေးဟောပြော

မောင်တော ဖေဖော်ဝါရီ ၁၂

မောင်တောခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သီတာအေးက ကြီးမှူး၍ မောင်တောမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီလာလွန်းနှင့်အမှုဆောင်များ ဇန်နဝါရီ၈ရက်က မောင်တောမြို့နယ် ညောင်ချောင်းကျေးရွာအုပ်စု ရွှေရင်အေး စံပြကျေးရွာသို့ ကွင်းဆင်းကာ ကျန်းမာရေးပညာပေးဟောပြောခြင်း၊ အိုင်အိုဒင်းဆားပိဿာ ၈၀ အခမဲ့ဖြန့်ဝေခြင်းနှင့် တစ်နှစ်အောက်ကလေးများအား ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးမှုများကို ဆောင်ရွက်ကြသည်။ **(အပေါ်ပုံ)** **(ခရိုင် ပြန်/ဆက်)**

မော်လမြိုင်ကျွန်းမြို့နယ် မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း မိုးကြိုဂုန်လျှော်နှင့် ချဉ်ပေါင်လျှော်စိုက်ပျိုးရေးတာဝန်ပေးအပ်

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၂၄

မော်လမြိုင်ကျွန်းမြို့နယ် မြန်မာ့ဂုန်လျှော် ပစ္စည်းလုပ်ငန်းမှ ၂၀၀၆-၂၀၀၇ ခုနှစ် မိုးကြိုဂုန်လျှော်နှင့် ချဉ်ပေါင်လျှော် သီးနှံစိုက်ပျိုးရေး စီမံကိန်းတာဝန်ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၁၁ နာရီက မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး မော်ရောခန်းမ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုအောင်က အမှာစကားပြောကြားပြီး မြို့နယ်မြန်မာ့ဂုန်လျှော် ပစ္စည်းလုပ်ငန်းမန်နေဂျာ ဦးလှမြင့်က မိုးကြိုဂုန်လျှော်နှင့် ချဉ်ပေါင်လျှော်သီးနှံ မြို့နယ်အတွင်း စိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

စီမံကိန်းတာဝန်ပေးအပ်

ထို့နောက် မော်လမြိုင်ကျွန်းမြို့နယ်အတွင်း စခန်းနယ်မြေသုံးခုရှိ ကျေးရွာအုပ်စု ၄၆ အုပ်စုမှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများအား မြို့နယ်ဥက္ကဋ္ဌဦးကိုကို အောင်က မိုးကြိုဂုန်လျှော်နှင့် ချဉ်ပေါင်လျှော်သီးနှံ စီမံကိန်းဧက ၃၅၀၀ကို စိုက်ပျိုးထုတ်လုပ်ရန် စီမံကိန်းတာဝန်များ ပေးအပ်လိုက်ကြသည်။ **(အောက်ပုံ) (ဝ၉၇)**



အမြို့မြို့ အနယ်နယ် သတင်းများ

ဒိုက်ဦးမြို့၌ သုတရောင်ခြည်စာကြည့်တိုက်ဖွင့် အလှူငွေနှင့် သုတ၊ ရသစာအုပ်များလှူဒါန်း

ဒိုက်ဦး ဖေဖော်ဝါရီ ၁၂

ဒိုက်ဦးမြို့နယ် ဘောလယ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် သုတရောင်ခြည် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၇ ရက်က ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးမြင့်စိန်၊ မြို့နယ်စစ်မှုထမ်းဟောင်း ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်မြင့်(ငြိမ်း)၊ မြို့နယ်ပညာရေးမှူး ဒေါ်ရီရီညွန့်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စန်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)**

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်စိန်၊ ဒုတိယဗိုလ်မှူးကြီး တင်မြင့်(ငြိမ်း)နှင့် မြို့နယ်ပညာရေးမှူး ဒေါ်ရီရီညွန့်တို့က အမှာစကားပြောကြားကြပြီး မြို့နယ်ဦးစီးမှူးက စာကြည့်တိုက်ရေရှည်တည်တံ့ရေးအတွက် ရှင်းလင်း ပြောကြားသည်။

ဂုဏ်ပြုမှတ်တမ်းပေးအပ်

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက စာကြည့်တိုက်အတွက် အလှူငွေကျပ် ၁၀၀၀၀၊ ဦးအောင်မြင့်ကျော်-ဒေါ်ခင်မာချိုက ငွေကျပ် ၁၀၀၀၀၊ ကိုမြင့်ဇော်ဦး-မနှင်းနှင်းရွှေကစာကြည့်တိုက်အတွက် ငွေကျပ် ၂၀၀၀၀ တန်သုံးထပ်စာအုပ်စင်၊ ဦးအောင်ဝင်း-ဒေါ်နီနီထွန်းက ငွေကျပ်၅၀၃၀၀တန်ဖိုးရှိ ဗုဒ္ဓရုပ်ပွားတော်နှင့်ဘုရားစင်၊ ဦးစိန်ညို-ဒေါ်စန်းဌေး(ဘောလယ်ရွာ)က ငွေကျပ် ၇၅၀၀ တန်ဖိုးရှိ ဘုရားစင်၊ ဗိုလ်ကြီး သန်းထိုက်ဦး-ဒေါ်နန်းယုစံမိသားစု(ထွေ/အုပ်ရုံးချုပ်)ကကျောက်သင်ပုန်း၊ ဦးသန်းရွှေ-ဒေါ်စန်းစန်းဝေ(မင်းလမ်း)၊ ဦးတင်မြင့်-ဒေါ်ဝင်းရွှေ(ဘောလယ်ရွာ) တို့ကငွေကျပ်၂၆၉၀၀ တို့ကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အလှူရှင်များက သုတ၊ ရသစာအုပ်စုစုပေါင်း ၃၅၀ကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအား ပေးအပ်လှူဒါန်းရာ ကျောင်းအုပ် ဆရာမကြီး ဒေါ်ရီရီတင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အသံ

၃-၃-၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ အာဋ္ဌာနာဋိယ သုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (စိုက်ပျိုးရေးရာ ပြန်ကြားလွှာ)
၁၁း၃၅ ထူးဆန်းထွေလာ သတင်းပဒေသာ
၁၂း၀၀ သုတအဖြာဖြာ တိုင်းရင်းဆေးပညာ (ဆီးတစ်ပင်လုံး ဆေးအသုံး)
၁၂း၃၀ ဇာတ်လမ်းပမာနားဆင်စရာ (အဖော်မွန်)

ညနေပိုင်း

၁၆း၃၀ ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာအစီအစဉ် (ဘောဂဗေဒ)
၁၇း၃၀ ရေဒီယိုမဂ္ဂဇင်း
(၁)အနားသတ်ကမ်းစပ် (ခေါင်းကြီး)
(၂)သတိပေးတဲ့ ခဲဖျက်လေး (ဆောင်းပါး)
၁၇း၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၈း၂၅ ကျေးလက်ဇာတ်လမ်း (ပြုံးပန်းဝေဆာ)
၁၈း၄၀ သိပ္ပံပညာသိကောင်းစရာ (လူ့မျက်နှာ၏ပတ်ဝန်းကျင် အကြောင်း-မောင်ဆုရှင်)

မီးဘေးကြိုတင်ကာကွယ်ရေး ခရမ်းမြို့တွင် စုပေါင်းဆောင်ရွက်

ခရမ်း ဖေဖော်ဝါရီ ၁၅

ခရမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်လျှပ်စစ်ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးမိဈေးဖ အဖွဲ့ဝင်များစုပေါင်း၍ မီးဘေးကြိုတင်ကာကွယ် တားဆီးရေးလုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်လျက်ရှိရာ ဖေဖော်ဝါရီ ၈ ရက်က မြို့မဈေးအတွင်း မီးသတ်ရေကန်များ ရေဖြည့်ခြင်း၊ မီးသတ်ကားထားရှိခြင်းနှင့် လျှပ်စစ်ကြိုးလိုင်းများ စစ်ဆေးခြင်းလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြသည်။

(မြို့နယ်စည်ပင်)

မြစ်ကြီးနား အောင်ဇေယျသိဒ္ဓိရှင် ဆုတောင်းပြည့်စေတီတော် ဗုဒ္ဓပူဇနိယနှင့် ထီးတော်တင်လှူပူဇော်ပွဲ ကျင်းပမည်

မြစ်ကြီးနား ဖေဖော်ဝါရီ ၂၀

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ နန်းကျင်ကျေးရွာရှိ အောင်ဇေယျသိဒ္ဓိရှင် ဆုတောင်းပြည့်စေတီတော် ဗုဒ္ဓပူဇနိယ ပွဲတော်နှင့် ထီးတော်တင်လှူပူဇော်ပွဲကို မတ် ၁၁ ရက်မှ ၁၃ရက်အထိ ကျင်းပ မည်ဖြစ်ရာ ဘုရားနှင့် ကျောင်းဝတ္တက မြေ အလှူရှင် နန်းကျင်ကျေးရွာနေ ဦးဖိုးလှ-ဒေါ်တင်တင်ဝေ(ခ)ဒေါ်ဂျာ ဝေနှင့် ရန်ကုန်မြို့ မြောက်ဥက္ကလာပ မြို့နယ်(ဆ)ရပ်ကွက်၊ မေဓာဝီလမ်းနေ ဦးခင်မောင်အေး-ဒေါ်ကြင်အေးတို့က ရန်ကုန်တိုင်းမရမ်းကုန်းမြို့နယ် အမှတ်(၅) ရပ်ကွက်၊ မြောက်/ကျောက်ရေတွင်း၊ ချင်းတွင်း ဓမ္မရိပ်သာ (သဲအင်းဂူ) ကျောင်းနှင့် နန်းကျင်ကျေးရွာရှိ သီရိ ဓမ္မာတောရ ကမ္မဋ္ဌာန်းကျောင်းတို့၏ ပဓာန နာယက ဘဒ္ဒန္တ သံဝရစာရ (တန့်ဆည်)အား သိက္ခာထပ်ခြင်း၊ မြောက်ဥက္ကလာပမြို့နယ်(ဃ)ရပ်ကွက် နွယ်နီ ၂လမ်းနေ ဖခင်ကြီးဦးချစ်မောင် အား အမှူးထား၍ ဦးရဲညွန့်-ဒေါ်ခင် ချိုယု၊ သမီးမမေဇင်သန့်တို့က ရဟန်း လောင်း ရှင်သုမင်္ဂလအား ရဟန်း ဘောင်သို့ သွတ်သွင်းချီးမြှင့်ခြင်းနှင့် ပင့်သံဃာ ၄၅ ပါးတို့အား ဆွမ်း ဆက်ကပ်လှူဒါန်းခြင်း၊ ဆွမ်းဆန်စိမ်း လောင်းလှူခြင်းနှင့် ဓမ္မပူဇာပူဇော်ခြင်း အလှူမင်္ဂလာပွဲများ ကျင်းပမည်ဖြစ် ကြောင်း သိရသည်။ **(က-ပ)**

ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၅-၂၀၀၆ ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော ဇီးဖြူခင်-ဇီးဖြူသောင်ကျေးရွာ ချင်းဆက် မြေသားလမ်း ပြည်သူများ ပူးပေါင်းဆောင်ရွက်သော ဖောက်လုပ်မှုကို မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ အမှုဆောင် အရာရှိဦးထင်အောင်ဦးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးသန်းလွင်တို့ ကွင်း ဆင်းကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ် စည်ပင်)

ကျောက်ဖြူမြို့ ပညာရေးကောလိပ်ဝင်းအတွင်း ခြံစည်းရိုးကြက်ဆူပင် ၁၂၀၀ စိုက်ပျိုးပွဲကျင်းပ

ကျောက်ဖြူ ဖေဖော်ဝါရီ ၂၀

ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ရက်က ကျောက်ဖြူမြို့ ပညာရေးကောလိပ်ဝင်းအတွင်း ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်မှ တိုင်းဦးစီး ဗိုလ်မှူးကြီး ဗိုလ်မှူးကြီးမြင့်ဆွေ၊ ကျောက်ဖြူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးမျိုးတင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လှိုင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျောက်ဖြူပညာရေးကောလိပ်မှ ကျောင်းသားကျောင်းသူများ စုစုပေါင်း ၅၀၀ တက်ရောက်ကြသည်။

ရေလောင်းပေး

အဆိုပါအခမ်းအနားတွင် ကျောက်ဖြူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးတင့်က အဖွင့်အမှာစကားပြော ကြားပြီး မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးဘုန်းကျော်က ရှင်းလင်းဆွေး နွေးကာ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းဦးစီးဗိုလ်မှူးကြီး ဗိုလ်မှူးကြီး မြင့်ဆွေနှင့် တက်ရောက်လာကြသူများက ခြံစည်းရိုးကြက်ဆူပင် ၁၂၀၀ ကို စိုက်ပျိုး ရေလောင်းပေးကြသည်။ **(အပေါ်ပုံ) (ခရိုင် ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ

ဗျင်း-ကန်စောက်ကျေးလက်လမ်း ကျောက်ချောခင်းဆောင်ရွက်

ပခုက္ကူ ဖေဖော်ဝါရီ ၂၀

ပခုက္ကူမြို့နယ်စည်ပင်သာယာရေး အဖွဲ့သည် ၂၀၀၆-၂၀၀၇ခု ဘဏ္ဍာ ရေးနှစ်အတွင်း ကျေးလက်ဒေသ လမ်း ပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန် တိုးတက်စေရေးအတွက် ဇန်နဝါရီ၂၆ ရက်က မြို့နယ်စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်လင် နှင့် အင်ဂျင်နီယာမှူး ဦးသိန်းဇော်တို့ ဗျင်း-ကန်စောက် ကျေးလက်ကျောက် ချောလမ်း ပေ ၅၂၀၀ ခင်းခြင်းလုပ်ငန်း ခွင်သို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက် ပေးကြသည်။ **(မြို့နယ် စည်ပင်)**

ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ ကြီးမှူး လူကုန်ကူးမှု တားဆီးကာကွယ်ရေး ပညာပေးဟောပြော

ဖြူး ဖေဖော်ဝါရီ ၁၇

ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ အမျိုးသမီးများအား အကြမ်း ဖက်မှုမှ ကာကွယ်စောင့်ရှောက်ရေးနှင့် လူမှောင်ခို၊ လူကုန်ကူးမှု တားဆီး ကာကွယ်ရေး ပညာပေးဟောပြောပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၁၇ရက် မွန်းတည့် ၁၂နာရီက ကညွတ်ကွင်း(အလက)ကျောင်း၌ ကျင်းပသည်။ အခမ်းအနားတွင် ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်ညွန့်**(အပေါ်ပုံ)**၊ အမျိုး သမီးများအား အကြမ်းဖက်မှုမှ ကာကွယ် စောင့်ရှောက်ရေးအဖွဲ့ခေါင်းဆောင် ဒေါ်သန်းသန်းဦးနှင့် စည်းကမ်းထိန်းသိမ်းရေး အဖွဲ့ခေါင်းဆောင်ဒေါ်ရီရီဝင်းတို့ ဟောပြောကြကြောင်းသိရသည်။ **(၂၈၄)**

ပြင်ဦးလွင်မြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်

ပြင်ဦးလွင် ဖေဖော်ဝါရီ ၂၀

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် အတွင်း မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၆ ရက်က ပြင်ဦးလွင်မြို့ စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးကြီး နှင့်ဈေးများ၌ မြို့နယ် မီးသတ်ဦးစီး ဌာန ဦးစီးမှူး ဦးဇော်ဝင်းကျော်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ နှင့် ဈေးအကျိုး တော်ဆောင်အဖွဲ့များ သည် မီးဘေးကြိုတင်ကာကွယ်ရေး အတွက် လက်တွေ့သရုပ်ပြလေ့ကျင့်မှု များကို ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။ **(အပေါ်ပုံ) (၂၈၀)**

ကျိုင်းတုံ မြို့မ ဈေးကြီး မီးဘေး လုံခြုံရေးအတွက် အမှုဆောင်အရာရှိ ဦးခင်ကျော်ဦးဆောင် ၍ မြို့နယ်စည်ပင် သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် မြို့နယ်မီးသတ်ဦးစီး ဌာန၊ ဈေးအရန် မီးသတ်တပ်ဖွဲ့၊ ဈေး အကျိုးဆောင်အဖွဲ့ နှင့် ဈေးသူဈေးသား များ စုပေါင်း၍ ဖေဖော်ဝါရီ ၁၅ရက်က မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်သရုပ်ပြလေ့ကျင့်မှုကို ညွှန်ကြားရေးမှူး ဦးတင်လှိုင် ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ် စည်ပင်)

မိုင်းယောင်းမြို့နယ်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ အသုံးပြုရန် သုတ၊ ရသစာအုပ်မျိုးစုံလှူဒါန်း

မိုင်းယောင်း ဖေဖော်ဝါရီ ၁၅

မိုင်းယောင်းမြို့နယ် အတွင်းရှိ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များတွင် အသုံးပြုရန် အတွက် စာအုပ် လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၉ရက် မွန်းလွဲပိုင်းက မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနရုံး တွင် ကျင်းပသည်။

ရှေးဦးစွာ စာအုပ် များ လှူဒါန်းရခြင်း အကြောင်းပြောကြားပြီး ခရိုင်အမျိုးသမီးရေးရာ အဖွဲ့နာယက ဒေါ်ချောစု မျိုးညွှန့်၊ မိုင်းယောင်း မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်နီလာလှိုင် နှင့်အဖွဲ့ဝင်များက သုတ၊ ရသမျိုးစုံအုပ်၅၀ကို ပေး အပ်လှူဒါန်းရာ ခရိုင်ဦးစီး အရာရှိဦးစိုင်းဆမ်တစ် နှင့် မြို့နယ်ဦးစီးမှူးဦးစိုင်း အောင်ခမ်းတို့က လက်ခံ ယူကြသည်။ (အပေါ်ပုံ)

(ခရိုင်ပြန်/ဆက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနို လာရောက်တွေ့ဆုံနှုတ်ဆက်

ရန်ကုန် မတ် ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုသည် ယနေ့ညနေ၄နာရီတွင် ရန်ကုန်မြို့ ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ သံတမန်ခန်းမသို့ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။

တက်ရောက်

ထိုသို့လာရောက်တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးခင်ဇော်ဝင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့တက်ရောက်ကြပြီး **စာမျက်နှာ ၇ ကော်လံ ၁** ■

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ချစ်ကြည်ရေးခရီး လည်ပတ်ရန်ရောက်ရှိလာသည့် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုအား ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့လွှတ်တော်အဆောက်အအုံ သံတမန်ခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ချစ်ကြည်ရေးခရီး လည်ပတ်ရန်ရောက်ရှိလာသည့် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် အဖွဲ့ဝင်များနှင့် အတူ ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ သံတမန်ခန်းမ၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး